# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ်ပြည်သူ့လွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေး

# ဒုတိယနေ့မှတ်တမ်း

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်

(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)

(သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန် ၊ ၁၀း၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၉ ဦး ရှိတဲ့အနက် ၃၉၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်သူဦးရေစုစုပေါင်းရဲ့ ၉၁.၆၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးမောင်ဦး(ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)** ။လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီဥက္ကဋ္ဌမှ စုပေါင်းတင်ပြခွင့်ပြုနိုင်ပါရန် ဦးစွာတင်ပြပန်ကြားအပ် ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်သို့ တက်ရောက်ခွင့်ရှိတဲ့ဦးရေ ၄၂၉ ဦး၊ တက်ရောက်သည့်ဦးရေ ၃၉၃ ဦးဖြစ်ပြီးတော့ ခွင့်ပန်ကြားသူ ၈ ဦး၊ စုစုပေါင်း ၃၆ ဦးရှိပါတယ်ခင်ဗျား။ ၎င်း ၃၆ အနက် ၂၈ ဦးကတော့ ယမန်နေ့ကပဲ ကြိုတင်ပန်ကြားထားသူများဖြစ်ပြီးတော့ ခွင့်အသစ် အဖြစ် ယနေ့ ၈ ဦးတင်ပြထားရှိပါတယ်။ ၎င်း ၈ ဦးမှာတော့-

(၁) ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ယနေ့ ခွင့် ၁ ရက်၊

(၂) သထုံမဲဆန္ဒနယ်မှ ဦးစောဘာသိန်း ကရင်နှစ်သစ်ကူးပွဲတက်ရောက်ရန် ယနေ့ ခွင့် ၁ ရက်၊

(၃) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွန်းခေါင်လွင် ကရင်နှစ်သစ်ကူးပွဲတက်ရောက် ရန်အတွက် ယနေ့ ခွင့် ၁ ရက်၊

(၄) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စအတွက် ယနေ့ ခွင့် ၁ ရက်၊

(၅) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေးအွာ ကရင်နှစ်သစ်ကူးပွဲတက်ရောက် ရန်အတွက် ယနေ့ ခွင့် ၁ ရက်၊

(၆) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောနေကော်ကြီး ကျန်းမာရေးအရ ခွင့် ၁ ရက်၊

(၇) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ကျန်းမာရေးအရ ယနေ့ ခွင့် ၁ ရက်၊

(၈) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ဖွံ့ဖြိုးရေးကိစ္စများဆောင်ရွက်ရန် ယနေ့ ခွင့် ၁ ရက်၊

ယခု တင်ပြသူ ခွင့်အသစ်ပန်ကြားသူ စုစုပေါင်း ၈ ဦးအား ယနေ့ ခွင့် ၁ ရက် ခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကိုမှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၈ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၈ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၃၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက် သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော် ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ်ပြည်သူ့လွှတ်တော် ပထမ ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ဖြစ်တဲ့ ၂၀၁၁ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ကော်မတီကို အဖွဲ့ဝင် ၁၄ ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး လွှတ်တော်အခွင့်အရေးကော်မတီကို ၂၀၁၁ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် အဖွဲ့ဝင် ၁၅ ဦးဖြင့်စတင်ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၈ အရ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးတာဝန်ကို လွှတ်တော်အခွင့်အရေးကော်မတီက ဆောင်ရွက်ရန်ပြဋ္ဌာန်း ထားသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့တာဝန်များအား ယနေ့ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့မှစတင်၍ လွှတ်တော်အခွင့်ရေးကော်မတီက ဆက်လက်ဆောင်ရွက် သွားရန်နှင့်

ယခင်ကဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီကို ယနေ့မှစ၍ ရုပ်သိမ်းလိုက်ကြောင်း အသိပေးတင်ပြပါတယ်။

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်ပါမယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**ဥက္ကဋ္ဌ**။ ။ ဦးစွာ စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်ညို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမောင်ညို(စစ်တွေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ဂါရဝပြု တယ်။ ကျန်းမာ၊ ချမ်းသာကြပါစေ၊ အန္တရာယ်ကင်းကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ စစ်တွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညို ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် စစ်တွေမြို့နယ်နှင့်ပတ်သက်တဲ့ မေးခွန်းက ၃ ခုရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့အခြေအနေအရ မေးခွန်းတစ်ခုပဲ မေးပါမယ်။ အခြေအနေပေးတဲ့အလျောက် မေးခွန်း ၂ ခု ချန်ထားပြီးတော့ တစ်ခုပဲမေးပါမယ်။ အဲ့ဒီမေးခွန်းက ပုဏ္ဏားကျွန်း-ကျောက်တော် ရထားလမ်းပိတ်ထားပါတယ်။ အဲ့ဒီတုန်းက ကျွန်တော် စာတင်တဲ့အချိန်တုန်းက ပိတ်ထားတာပါ။ အခုတော့ ဖွင့်ထားပါတယ်။ ဆိုလိုတာကတော့ အဲ့ဒီအချိန်ကတင်တဲ့အတွက် အချိန်ကနှောင်းသွားပါတယ်။ ဒီနှစ်ဆိုလို့ရှိရင် စစ်တွေနဲ့ ကျောက်တော် မီးရထားလမ်းမဖွင့်သေးဘူး။ စစ်တွေမီးရထားလမ်း ဘယ်တော့ဖွင့်မလဲ မေးချင်ပါတယ်။ ဒါပါပဲ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**သူရဦးသောင်းလွင်(ဒုတိယဝန်ကြီး၊ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည် တော်ကြီးများခင်ဗျား။ ရခိုင်ပြည်နယ်၊ စစ်တွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညိုမေးမြန်းတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်မှ ဖြေကြားတင်ပြအပ်ပါတယ်။ စစ်တွေ-ကျောက်တော်လမ်းပိုင်းကို လုံခြုံရေး အခြေအနေအရ ၁၂-၆-၂၀၁၂ ရက်နေ့မှစပြီးတော့ ရထားပြေးဆွဲမှုများ ရပ်ဆိုင်းခဲ့ပါတယ်။ သို့သော် လုံခြုံရေးအခြေအနေပေးတဲ့ ပုဏ္ဏားကျွန်း-ကျောက်တော်လမ်းပိုင်းကို ၁၈-၈-၂၀၁၂ ရက်နေ့မှ စပြီးတော့ ရထားပြေးဆွဲနေပြီဖြစ်ပါတယ်။ အလားတူပဲ ကွမ်းတောင်-ပုဏ္ဏားကျွန်း လမ်းပိုင်း ၆ မိုင်ခန့် ကိုလည်း ၁၅-၁၂-၂၀၁၂ ရက်နေ့က ရထားများစတင် ပြေးဆွဲနေပြီ ဖြစ်ပါတယ်။

ကျန်ရှိတဲ့ စစ်တွေ-ရေချမ်းပြင်လမ်းပိုင်းဟာ ရထားပြန်လည် ပြေးဆွဲရေးအတွက် လမ်းပိုင်းတွေ ပြုပြင်ပါတယ်။ ၂၁-၁၀-၂၀၁၂ မှာ ရထားစမ်းသပ်ခုတ်မောင်းမှုပြုလုပ်ခဲ့ပါတယ်။ သို့သော်လည်း တည်ငြိမ်မှုအနေအထား စိတ်မချရသေးတဲ့အတွက် ရခိုင်ပြည်နယ်အစိုးရက ရထားပြေးဆွဲရန်ခွင့်ပြု ခြင်းမရှိသေးပါ။ နောက်လောလောလတ်လတ် အခြေအနေတင်ပြရမယ်ဆိုရင် စစ်တွေ-ရေချမ်းပြင် လမ်းပိုင်းဟာ ဒုက္ခသည်စခန်း ၄ ခုရှိပါတယ်။ အဲ့ဒီ ဒုက္ခသည်စခန်း ၄ ခုကနေပြီးတော့ သံလမ်းခင်းထား တဲ့ ဇလီဖားတွေကိုခိုးယူပြီး ထင်းအဖြစ်နဲ့ အသုံးပြုကြောင်းသတင်းရတဲ့အတွက် ပူးပေါင်းအဖွဲ့နဲ့ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့မှာ စစ်ဆေးတဲ့အခါမှာ သစ်သားဇလီဖား ၄၄၈၈ တုံးကို သံလမ်း အောက်ကနေဖြုတ်ယူပြီးတော့ လောင်စာထင်းအဖြစ်အသုံးပြုကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ ဒါကြောင့် ပျောက်ဆုံးသွားတဲ့သစ်သားဇလီဖားတွေအစား နောင်အခိုးမခံရအောင်ဆိုပြီးတော့ ကွန်ကရစ်ဇလီဖားတုံးတွေနဲ့ အစားထိုးပြီးတော့ ပြုပြင်သွားဖို့အတွက် ပြည်နယ်အစိုးရ လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးနဲ့ ညှိနှိုင်းထားပြီး ဖြစ်ပါတယ်။ အဲဒါတွေကို ပြီးစီးတဲ့အခါမှာတော့ ပြည်နယ် အစိုးရ ခွင့်ပြုတဲ့အပေါ်မှာ မူတည်ပြီးတော့ ရထားပြေးဆွဲမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အဲ့ဒီလမ်းပိုင်းမှာဆိုရင် ကျွန်တော်တို့ ပြည်တော်သာ- စစ်တွေ-ရေချမ်းပြင်လမ်းပိုင်းပြီးစီးပြီ ဖြစ်ပါတယ်။ နောက် ရေချမ်းပြင်ကနေ ပါတိတ်-ကွမ်းတောင်လမ်းပိုင်း ဆက်လက်ပြီးတော့ ဆောင်ရွက်ဖို့ရှိပါတယ်။ ရေချမ်းပြင်နှင့် ပါတိတ်လမ်းပိုင်း ၆ မိုင်ကို ကျွန်တော်တို့ ဇလီဖား၊ ကျောက်သံလမ်း အားလုံး အဆင်သင့်ဖြစ်ပါပြီ။ ကျွန်တော်တို့ ဆက်ပြီးတော့ခင်းဖို့ အစီအစဉ်ရှိပါတယ်။ ကျွန်တော်တို့ မြန်နိုင်သမျှ မြန်အောင်လုပ်ပြီးတော့ လမ်းပိုင်းဖွင့်လှစ်ပေးမှာဖြစ်တဲ့အကြောင်းတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ထားဝယ်အထူးစီးပွားရေးဇုန်များနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ ။** ။ မင်းလှမဲဆန္ဒနယ်မှ ဦးမောင်းတိုးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်တိုး(မင်းလှမဲဆန္ဒနယ်)။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဧည့်သည်တော်များအားလုံးကို လေးစားစွာဂါရဝပြုအပ်ပါ တယ်။ ကျွန်တော့်ရဲ့ မေးခွန်းကတော့ တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းသည် အရေးကြီးသည့် စီမံကိန်းတစ်ခု ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အတွက်သာမက အာဆီယံနိုင်ငံများအတွက် ပါ အရေးပါသည့်စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ နှစ်နိုင်ငံအတိုင်းအတာဖြင့် တည်ဆောက်နိုင်သလောက် တည်ဆောက်ပြီး မတတ်နိုင်သည်များကို တတိယနိုင်ငံကိုဖိတ်ခေါ်ရမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်း စာများတွင်ဖော်ပြချက်အရသိရှိရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၀ (ခ) တွင် ပြည်ထောင်စု အစိုးရကသာတင်သွင်းခွင့်ရှိသော နိုင်ငံတော်၏အမျိုးသားစီမံကိန်း နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေ စာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့်နည်းလမ်းနှင့်အညီ ပြည်ထောင်စု လွှတ်တော်၌ဆွေးနွေးဆုံးဖြတ်ရမည်လိုဖော်ပြထားပါတယ်။ ထိုနည်းတူ ပြည်ထောင်စု အစိုးရအဖွဲ့ပုဒ်မ ၅၅ (က) တွင်လည်း ပြည်ထောင်စုအစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်း ချက်များနှင့်အညီ ပြည်ထောင်စုအစိုးရ၏မူဝါဒများကိုချမှတ်ရမည်။ ယင်းမူဝါဒများနှင့်အညီ လိုအပ် သောစီမံကိန်းများကိုရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်၏သဘောတူညီချက်ဖြင့် အကောင်အထည် ဖော်ဆောင်ရွက်ရမည်ဟု ဖော်ပြထား ပါတယ်။ နိုင်ငံတိုင်းမှာ အစိုးရအဖွဲ့များဟာ ပြည်သူပြည်သားများ ကောင်းကျိုးအတွက်

ဆောင်ရွက်တာမှန်သော်လည်းပဲ ပြည်သူများရဲ့ဆန္ဒနဲ့မကိုက်ညီလျှင် ပြဿနာဖြစ်ပေါ်ပြီးတော့ အကျိုးနည်းတတ်ပါတယ်။ သာဓကအားဖြင့်ဆိုလို့ရှိရင် မြစ်ဆုံရေအားလျှပ်စစ် စီမံကိန်းနှင့် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းတို့ဖြစ်ပါတယ်။ နိုင်ငံတော်အဆင့်စီမံကိန်းကြီးများ ဆောင်ရွက်တဲ့အခါမှာ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုရှိရန်လိုအပ်တယ်လို့ယူဆပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို ဖြေကြားပေးနိုင်ပါရန်မေးမြန်းအပ်ပါတယ်-

(က) ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းကို မည်ကဲ့သို့ဆောင်ရွက်ထားပါသနည်း။

(ခ) ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းသည် မြန်မာနိုင်ငံပြည်သူပြည်သားများအတွက် မည်ကဲ့သို့ အကျိုးရှိပါသနည်း။

(ဂ) ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းဆောင်ရွက်ရန်အတွက် ပြည်ထောင်စုလွှတ်တော်သို့တင်ပြအတည်ပြုချက်ရယူရန်အစီအစဉ်ရှိပါသလား။ ရှိလျှင် မည်သည့်ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင်တင်ပြပါမည်လဲ။ မတင်ပြလျှင် မည်သည့်အတွက်ကြောင့် တင်ပြအတည်ပြုချက်ရယူခြင်း မပြုသည်ကို သိလိုပါသဖြင့် ဖြေကြားပေးနိုင်ပါရန် မေးမြန်းပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**သူရဦးသောင်းလွင်(ဒုတိယဝန်ကြီး၊ရထားပို့ဆောင်ရေးဝန်ကြီးဌာန)** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်းတိုးမေးမြန်းတဲ့ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းနှင့်ပတ်သက်တဲ့ မေးခွန်းများကို ကျွန်တော် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်မှ ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ မေးခွန်း (၁) ကတော့ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းကို မည်ကဲ့ သို့ဆောင်ရွက်ထားပါသနည်းဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ၂၀၀၅ ခုနှစ်မှာ မဟာမဲခေါင်ဒေသခွဲ နိုင်ငံတွေအကြားမှာ လမ်းပန်းဆက်သွယ်မှုတွေ၊ နယ်စပ်ဖြတ်ကျော်မှုတွေ၊ ကုန်သွယ်မှုတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းချိတ်ဆက်မှုတွေဖြစ်ပေါ်လာခဲ့ပါတယ်။ ဒါကြောင့် အဲ့ဒီ ဒေသနှင့် တစ်ဆက်တစ်စပ်တည်းရှိတဲ့ ထားဝယ်ဒေသမှာ အထက်ဖော်ပြပါလုပ်ငန်းများပေါ်ပေါက်ပြီးတော့ စီးပွားရေး၊ လူမှုရေး တိုးတက်ဖို့အတွက် ဒီအပြင် ရေနက်ဆိပ်ကမ်း၊ အဝေးပြေးလမ်းနှင့် အခြားစီမံကိန်း များဖြစ်ပေါ်လာမယ်ဆိုရင် မဟာမဲခေါင်ဒေသခွဲတစ်လျှောက် စီးပွားရေးဖွံ့ဖြိုးတိုးတက် လာမယ့်ကိစ္စကိုရည်မှန်းပြီးတော့ မြန်မာနှင့် ထိုင်းနိုင်ငံတို့ဟာ ၂၀၀၈ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့မှာ နားလည်မှုစာချွန်လွှာကိုလက်မှတ်ရေးထိုးခဲ့ပါတယ်။ အဲ့ဒီအပေါ်မှာအခြေခံပြီးတော့ ထားဝယ်အထူး စီးပွားရေးဇုန်စီမံကိန်းစတင်ပေါ်ပေါက်လာခဲ့ပါတယ်။ အဲ့ဒီ နားလည်မှုစာလွှာကိုအခြေခံပြီးတော့ ၂၀၀၈ ခုနှစ်၊ ဖွန်လ ၁၂ ရက်နေ့မှာ မိမိတို့ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် အီတာလျံ-ထိုင်းကုမ္ပဏီတို့ နားလည်မှုစာချွန်လွှာကိုလက်မှတ်ရေးထိုးခဲ့ပါတယ်။ အဲ့ဒီနောက်မှာ ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့မှာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် အီတာလျံ-ထိုင်းကုမ္ပဏီတို့ မူဘောင်သဘောတူညီချက် Framework Agreement ကိုချုပ်ဆိုပြီးတော့ ဆောင်ရွက်မည့်စီမံကိန်းအလိုက် ဖြစ်မြောက်နိုင်ခြေ လေ့လာတယ်။ လိုအပ်သည့်ရင်းနှီးမြှုပ်နှံငွေရရှိရေးအတွက်စီစဉ်တယ်။ ကျေးရွာတွေ

ရွှေ့ပြောင်းရေး အတွက် မြန်မာဘက်မှတာဝန်ရှိသူများနဲ့ညှိနှိုင်းစီစဉ်တယ်။ လုပ်ငန်းစီမံကိန်းအလိုက် အကောင်အထည်ဖော်ဖို့ ကြိုတင်စုဖွဲ့မှုတွေ၊ ထားဝယ်မှနယ်စပ်သို့ ကားလမ်းကြမ်းဖောက်လုပ်ခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ယခုအခါမှာ ကုမ္ပဏီအနေဖြင့် အခြေခံအဆောက်အဦလုပ်ငန်းများဖော်ထုတ်ရန် လိုအပ်တဲ့ငွေကြေးအပြည့်အဝရရှိဖို့စုစည်းရာမှာ အခက်အခဲကြုံတွေ့လာတဲ့အတွက် လုပ်ငန်း အကောင်အထည်ဖော်မှုနှောင့်နှေးခဲ့ပါတယ်။ ဒါကြောင့် နှစ်ဖက်အစိုးရတို့အားပေးမှုနှင့် အရှိန်အဟုန်ကိုမြှင့်တင်နိုင်ဖို့အတွက် ရည်ရွယ်ချက်နဲ့ နှစ်ဖက်အစိုးရ တို့ဟာ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့မှာ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ ဘက်စုံအကောင်အထည်ဖော် နိုင်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ အဆိုပါ နားလည်မှုစာချွန်လွှာအရ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်လုပ်ငန်းစီမံကိန်းများကို အရှိန်မြှင့်တင်ဖို့ ဒုတိယသမ္မ ဦးဉာဏ်ထွန်းနှင့် ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ် မစ္စတာ Mr. Kittirat Na Ranong တို့ ပူးတွဲဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ အဆင့်မြင့်ကော်မတီ၊ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်ရုံးဝန်ကြီးတို့ ပူးတွဲဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ညှိနှိုင်း ပေါင်းစပ်ရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ၊ နောက်အောက်မှာ ကဏ္ဍအလိုက် အကောင်အထည်ဖော်ဖို့အတွက် ဆပ်ကော်မတီ ၆ ခု အဲ့ဒီမှာ မြန်မာဘက်က ဒုတိယဝန်ကြီးတစ်ဦးနှင့် ထိုင်းနိုင်ငံဘက်က ဝန်ကြီးတစ်ဦးတို့ ပူးတွဲကော်မတီအဖြစ်ဆောင်ရွက်တဲ့ ဆပ်ကော်မတီ ၆ ခု ရှိပါတယ်။ အဲ့ဒါတွေဖွဲ့စည်းပြီးတော့ လုပ်ငန်းများကိုအကောင်အထည်ဖော်ဖို့အတွက် နှစ်ဖက်ညှိနှိုင်း အစည်းအဝေးများ ကိုဆောင်ရွက်ခဲ့ပါတယ်။ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အတွက် အခြေခံအဆောက်အအုံ တည်ဆောက်ဖို့အနည်းဆုံးအမေရိကန်ဒေါ်လာ ၈.၆ ဘီလီယံ လိုအပ်မည်လို့ ခန့်မှန်းထားပါတယ်။ အထူးစီးပွားရေးဇုန်ရှိ စက်ရုံအလုပ်ရုံများအတွက်လည်း ရင်းနှီးမြှုပ်နှံမှုအမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံအထက်လိုအပ်မယ်လို့လည်းခန့်မှန်းထားပါတယ်။ ဒီခန့်မှန်းချက်ဟာလည်း ထိုင်းနိုင်ငံမှာလုပ်တဲ့ စက်မှုဇုန်တွေနဲ့ဆက်စပ်ပြီးတော့ ခန့်မှန်းထားတာ ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံမှာကျင်းပတဲ့ အရှေ့အာရှထိပ်သီးအစည်းအဝေးကာလမှာ မြန်မာ-ထိုင်းနှစ်နိုင်ငံ ခေါင်းဆောင်များတွေ့ဆုံဆွေးနွေးပြီးတော့ ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေး အတွက် နှစ်နိုင်ငံပူးတွဲဆောင်ရွက်မည့်အကြောင်း ကြေညာချက်ထုတ်ပါတယ်။ စိတ်ပါဝင်စားတဲ့ အခြားနိုင်ငံတွေကို ရင်းနှီးမြှုပ်နှံမှုလာရောက်ဖို့ဖိတ်ခေါ်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့မှာတော့ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စစ် ရင်လပ်ရှင်နာဝပ် တို့ ထားဝယ်အထူးစီးပွားရေးဇုန်ကိုရောက်ရှိပြီးတော့ စီမံကိန်းနှင့်ဆက်စပ်လုပ်ငန်းများ လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေး၊ ဆက်သွယ်ရေးလမ်းကြောင်းနှင့် လျှပ်စစ်မီးရရှိရေးအပါအဝင် အခြေခံအဆောက်အဦး တွေတည်ဆောက်ရေးဖို့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စတွေ၊ နောက် တတိယနိုင်ငံများမှရင်းနှီးမြှုပ်နှံမှုနှင့် ငွေကြေးတွေကိုဖိတ်ခေါ်ဖို့ကိစ္စတွေကို ဆွေးနွေးခဲ့ပါတယ်။ ထားဝယ်အထူးစီးပွားရေးဇုန်သို့ ပြင်ပမှလာရောက်ရင်းနှီးမြှုပ်နှံရန် လေ့လာပြင်ဆင်နေတဲ့သူတွေ အများအပြားရှိပါတယ်။ သူတို့ဟာ အထူးစီးပွားရေးဇုန်ဥပဒေကို စောင့်မျှော်လျက်ရှိကြောင်း သိရှိရတဲ့အတွက် မြန်မာ့အထူးစီးပွားရေးဇုန်ဥပဒေမူကြမ်းကို မိမိတို့နိုင်ငံသားများအကျိုးစီးပွားကို ဆောင်ကျဉ်းနိုင်ပြီးတော့ ရင်းနှီးမြှုပ်နှံတဲ့လူတွေအတွက်လည်း ကြောင်းကျိုးမျှတပြီးတော့ လက်ခံနိုင်မည့်ဥပဒေမျိုးဖြစ်စေရေးအတွက် နိုင်ငံတကာအကြံပေးတွေရဲ့ အကူအညီကိုရယူ ခဲ့ပါတယ်။ အဲ့ဒါကတော့ ဂျာမန်က GIZ ကနေပြီးတော့ ကျွမ်းကျင်သူတွေ၊ ဂျပန်ကကျွမ်းကျင်သူတွေ၊ နောက် IFC ဆိုတဲ့ (International Finding Corporation)

World Game ကအဖွဲ့တွေ၊ နောက်ပြီးတော့ ထိုင်းနိုင်ငံကအဖွဲ့တွေ၊ အားလုံးဖြစ်နိုင်ဖွယ်ရှိတဲ့ ရင်းနှီးမြှုပ်နှံသူတွေပါခေါ်ပြီးတော့ ဆွေးနွေးခဲ့ပါတယ်။ ဒါတွေဟာ ပြုစုပြီးဖြစ်တဲ့အတွက် အစိုးရအဖွဲ့မှတစ်ဆင့် လွှတ်တော်ကို အမြန်ဆုံးတင်ပြမှာဖြစ်ပါတယ်။ ယခုနောက်ဆုံးအခြေအနေကတော့ လုပ်ငန်းပုံစံကိုအကောင်အထည် ဖော်မယ့် ဘယ်လိုအဖွဲ့အစည်းနဲ့အကောင်အထည်ဖော်မလဲ။ Special Purpose Vehicle လို့ခေါ်တဲ့အဖွဲ့ကို ဘယ်လိုပုံစံနှင့် ဘယ်လို မော်ဒယ်နဲ့ ဖွဲ့စည်းမလဲ။ နောက် ရင်းနှီးမြှုပ်နှံငွေ ရရှိဖို့အတွက် ဘယ်လိုနည်းလမ်းတွေနဲ့လုပ်မလဲဆိုတာ ညှိနှိုင်းဆဲဖြစ်ပါတယ်။

နောက် ဒုတိယမေးခွန်းဖြစ်တဲ့ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းဟာ မြန်မာနိုင်ငံ ပြည်သူပြည်သားများ အတွက် ဘယ်လိုအကျိုးရှိမလဲလို့မေးထားတဲ့မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းနှင့် ပတ်သက်ပြီးတော့ အရင်က ဗီယက်နမ်နိုင်ငံကနေစပြီးတော့ ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံတို့ကို ဆက်သွယ်တဲ့ မဟာမဲခေါင်ဒေသခွဲ တောင်ဘက်စီးပွားရေးစင်္ကြန်ဆိုတာရှိပါတယ်။ အဲ့ဒီ တောင်ဘက် စီးပွားရေးစင်္ကြန်ဟာ တကယ်တော့ နဂိုကသတ်မှတ်တုန်းက ထားဝယ်ရေနက် ဆိပ်ကမ်းမှာ ဆုံးတာဖြစ်ပါတယ်။ ဒါကြောင့် နဂိုကပြတ်တောက်နေတဲ့ အဲ့ဒီလမ်းပိုင်းကို ထားဝယ်ရေနက် ဆိပ်ကမ်းနှင့် ထိုင်းနိုင်ငံကိုဆက်သွယ်တဲ့ ကားလမ်းတည်ဆောက်ပြီးတာနဲ့ တစ်ဆက်တစ်စပ်တည်း ဆက်သွယ်မိရင် ဒီဒေသအကျိုးရှိမယ်ဆိုတာကို သုတေသနအဖွဲ့အမျိုးမျိုးကနေပြီးတော့ သုံးသပ်ထားတာတွေရှိပါတယ်။ အထူးအားဖြင့်ဆိုရင် ဂျာကာတာမှာ အခြေစိုက်တဲ့ ERIA ဆိုတဲ့ အဖွဲ့ရှိပါတယ်။ အဲ့ဒီအဖွဲ့ကတော့ Economic Research Institute for ASEAN and East Asia အတိုကောက်အားဖြင့် ERIA လို့ခေါ်ပါတယ်။ အဲ့ဒီပညာရှင်တွေရဲ့ သုတေသနစာတမ်းမှာဆိုရင် ထားဝယ်အထူးစီးပွားရေးဇုန်ကို အကောင်အထည်ဖော်မယ်ဆိုလို့ရှိရင် မြန်မာနိုင်ငံအတွက် တိုးတက်မှု တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆိုရင် ၆၆ ရာခိုင်နှုန်းလာပြီးတော့ အထောက်အကူပြုတယ်။ တနင်္သာရီတိုင်း ဒေသမှာတော့ ၂၇၂ ရာခိုင်နှုန်းတိုးတက်မှုရှိမယ်ဆိုပြီးတော့ သုံးသပ်ဖော်ပြထားတာရှိပါ တယ်။ ထားဝယ်ဒေသ၏လက်ရှိပကတိအခြေအနေတွေကို ယှဉ်ထိုးစဉ်းစားရင် ထားဝယ်အထူး စီးပွားရေးဇုန် စီမံကိန်းဟာ ဒေသခံပြည်သူအတွက် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအစရှိသော ကဏ္ဍပေါင်းစုံက တိုးတက်စေရေးအတွက် တိုက်ရိုက်လည်းအကျိုးရှိစေမယ်။ သွယ်ဝိုက်လည်း အကျိုးရှိစေမယ်ဆိုတာ တွေ့ရှိရပါတယ်။ မိမိတို့နိုင်ငံမှာ အလုပ်အကိုင်မရှိတဲ့အတွက် အိမ်နီးချင်း နိုင်ငံများနှင့် ပြည်ပနိုင်ငံများကို သားတစ်ကွဲ၊ မယားတစ်ကွဲ သွားရောက်အလုပ်လုပ်ကိုင်နေသူများဟာ အထူးစီးပွားရေးဇုန်များမှာ ပေါ်ပေါက်လာမယ့်စက်ရုံအလုပ်ရုံများ၊ ဆက်စပ်ပေါ်ပေါက်လာမယ့် စီးပွားရေးနှင့် ဝန်ဆောင်မှု လုပ်ငန်းတွေရှိလာတဲ့အခါမှာ မိမိတို့နိုင်ငံမှာပဲ အလုပ်အကိုင်ရပြီးတော့ မိမိတို့နိုင်ငံမှာပဲ မိသားစုနှင့်အတူ နေထိုင်လုပ်ကိုင်နိုင်မှာဖြစ်ပါတယ်။ မိမိတို့နိုင်ငံမှာဆောင်ရွက်တဲ့ အတွက် အလုပ်လုပ်တဲ့အတွက် နိုင်ငံတော်ကလည်း အပြည့်အဝစောင့်ရှောက်နိုင်မှာဖြစ်ပါတယ်။ နောက် ဒီထားဝယ် အထူးစီးပွားရေး ဇုန်စီမံကိန်းဟာ ကြီးမားပါတယ်။ လုပ်ငန်းတွေလည်းစုံပါတယ်။ ဒါကြောင့် ထားဝယ်နယ်ခံ၊ တနင်္သာရီနယ်ခံတွေအတွက်သာ အလုပ်အကိုင်ရရှိစေမှာမဟုတ်ပါဘူး။ မြန်မာနိုင်ငံ အနှံ့ကလာရောက် လုပ်ကိုင်သူများအတွက်ပါ အလုပ်အကိုင်ရရှိစေမှာဖြစ်ပါတယ်။ ပညာအခြေခံ၊ အတွေ့အကြုံပိုင်းမှာ အားနည်းတဲ့သူတွေကိုလည်း အလုပ်ရရှိစေရုံသာမက အင်ဂျင်နီယာတွေ၊ ဆရာဝန်တွေ၊ စီးပွားရေး ပညာရှင်တွေ၊ ကွန်ပျူတာပညာရှင်အစရှိတဲ့ ပညာတတ်အုပ်စုများအတွက်ပါ အလုပ်အကိုင်ရော၊ အတွေ့အကြုံပါ ရရှိစေမှာဖြစ်ပါတယ်။ ဒ့ါအပြင် ဆင့်ကဲပေါ်ပေါက်မည့်အလုပ်အကိုင်တွေအဖြစ် အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများကို လာရောက်လုပ်ကိုင်သူများစာသုံးဖို့အတွက်

သားငါးထုတ်လုပ်မှုတွေ၊ ဟင်းသီးဟင်းရွက်ထုတ်လုပ်မှုတွေ၊ နောက် အထွေထွေသုံးပစ္စည်းတွေ ရောင်းချတဲ့လုပ်ငန်းတွေ၊ နောက် ပညာရေး၊ အခြားနိုင်ငံက လာရောက်ရင်းနှီးမြှုပ်နှံတဲ့ အခါမှာ သူတို့ရဲ့သားသမီးတွေအတွက်ပညာရေး နောက်ပြီးတော့ သူတို့ရဲ့ လုပ်သားတွေအတွက်လေ့ကျင့်ပေးမယ့် လေ့ကျင့်ရေးကျောင်းတွေ ဒါတွေလည်းပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ အလားတူပဲ ကျန်းမာရေးအတွက်လည်း အဆင့်မြင့်ကျန်းမာရေးလုပ်ငန်းတွေပါ ဝင်ရောက်လာမှာဖြစ်ပါတယ်။ အဲ့ဒီအပြင် ယာဉ်ယန္တရားပြင်ဆင်မှု၊ အထွေထွေရောင်းဝယ်ဖောက်ကားမှု၊ သယ်ယူပို့ဆောင်မှု၊ ထုပ်ပိုးမှု နောက် Logistic လုပ်ငန်းတွေပါ အများအပြားပေါ်ပေါက်လာမှာဖြစ်တဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းဟာ များပြားစွာ ပေါ်ပေါက်မှာ ဖြစ်ပါတယ်။ မိမိ ပြည်သူများ အလုပ်အကိုင်ရရှိပြီး ဝင်ငွေတိုးလာမယ်ဆိုရင် မိမိတို့မိသားစုတွေရဲ့ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးအခြေအနေများတိုးတက်လာမည့်အပြင် ပြည်သူရဲ့ပညာအရည်အသွေး မြင့်မားလာတဲ့အတွက် တိုင်းပြည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူထောင်ရန်လိုအပ်တဲ့ Knowledge Industry ဖြစ်ထွန်းမှုကို အထောက်အကူပြုမှာဖြစ်ပါတယ်။ မိမိတို့ရဲ့ သဘာဝသယံဇာတတွေကို လက်ရှိ ကုန်ကြမ်းအဖြစ် ရရာဈေးနဲ့ရောင်းချနေခြင်းအစား အဆင့်မြင့်ကုန်ချောထုတ်လုပ်ရောင်းချနိုင်တဲ့ အတွက် မိမိတို့သဘာဝသယံဇာတအတွက် ထိုက်တန်တဲ့ဈေးနှုန်းတွေရရှိပြီးတော့ တိုင်းပြည် ဝင်ငွေတိုးခြင်း၊ နိုင်ငံခေတ်မီတိုးတက်စေရေးအတွက် မဖြစ်မနေလိုအပ်တဲ့အဆင့်မြင့်နည်းပညာများ၊ စီးပွားရေးပညာ၊ ခေတ်မီစီမံခန့်ခွဲမှုပညာများ၊ ဈေးကွက်ထိုးဖောက်ခြင်းဆိုင်ရာပညာရပ်များ၊ ဈေးကွက်ကွန်ယက် တည်ဆောက်မှု ပညာရပ်များ၊ ကမ္ဘာ့အဆင့်မီငွေကြေးဆိုင်ရာလုပ်ငန်းများ ထူထောင်မှု၊ ခေတ်မီအုပ်ချုပ် ထောက်ပံ့မှုစနစ်(Modern Logistic System)များကို ထိတွေ့ လုပ်ကိုင်ခွင့်ရမှာဖြစ်တဲ့အတွက် တိုက်ရိုက်အကျိုးကျေးဇူးရှိရုံသာမက သွယ်ဝိုက်ပြီးတော့ဆင့်ကဲဆင့်ကဲ ပေါ်ပေါက်လာမည့် အကျိုးကျေးဇူးကိုလည်း အများအပြားရရှိမှာဖြစ်ပါတယ်။ နောက် အခြားနိုင်ငံတွေရဲ့အတွေ့အကြုံအရဆိုရင် အထူးစီးပွားရေးဇုန်မှာ ဒီလုပ်ငန်းရှင်များကနေပြီးတော့ ငွေကြေး၊ နည်းပညာပံ့ပိုးပြီးတော့ ဒေသခံတွေကို Support Industry ထူထောင်ပေးတာတွေရှိပါ တယ်။ နောက် ဆပ်ကန်ထရိုက်လုပ်ငန်းတွေရပါတယ်။ ဒီလိုလုပ်ငန်းတွေကနေစပြီးတော့ ဒေသခံတွေဟာ တစ်စတစ်စကြီးထွားပြီးတော့ အကျိုးရှိလာပြီးတော့ နောင်တစ်ချိန်မှာ သူတို့ကိုယ်တိုင် လုပ်ငန်းရှင်ကြီးတွေဖြစ်လာတာကို အခြားစီးပွားရေးဇုန် အသီးသီးမှာ တွေ့ပါတယ်။ အထူးစီးအားဖြင့် ဆိုရင် ရှင်းကျင့်စီးပွားရေးဇုန်မှာတွေ့ပါတယ်။ နောက်တစ်ခုကဘာလဲဆိုလို့ရှိရင် သေချာရည်ရွယ်ချက် ရှိရှိဖြင့် ဆောင်ရွက်မယ်ဆိုရင် နောက်တစ်ချိန်မှာ ကျွန်တော်တို့နိုင်ငံရဲ့ အမှတ်တံဆိပ် ကိုယ်ပိုင် Brand တွေ၊ နည်းပညာတွေ၊ တီထွင်ကြံဆမှုတွေ၊ မူပိုင်ခွင့်တွေပေါ်ပေါက်လာပြီးတော့ မိမိတို့ခြေပေါ် ကိုယ်တိုင်ရပ်တည်နိုင်ဖို့အတွက်ဆောင်ရွက်တဲ့ ဒေသခံလုပ်ငန်းများလည်း ပေါ်ပေါက်လာမှာဖြစ်ပါ တယ်။ ထားဝယ်အထူးစီးပွားရေးဇုန်မှရရှိတဲ့ ခေတ်မီနည်းပညာတွေ၊ စီမံအုပ်ချုပ်မှုတွေ၊ ဈေးကွက် တည်ဆောက်မှု၊ ဈေးကွက်ထိုးဖောက်မှုအစရှိတဲ့ အတတ်ပညာတွေဟာ ထားဝယ်ဒေသသာမက တစ်နိုင်ငံလုံးကို ပြန့်နှံ့သွားမှာ ဖြစ်တဲ့အတွက် ကျန်ဒေသတွေရဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း အထောက်အကူပြုမှာ ဖြစ်ပါကြောင်း အကျဉ်းချုံးရှင်းလင်းတင်ပြအပ်ပါတယ်။ ဒါတွေနှင့်ပတ်သက်ပြီးတော့ အရေးအကြီးဆုံးက တစ်ခြားနိုင်ငံတွေရဲ့ အတွေ့အကြုံအရဆိုရင် ကြိုတင် ပြင်ဆင်ထားရမှာဖြစ်ပါတယ်။ ဒီဟာ ဒီဟာတွေဖြစ်လာနိုင်တယ်။ အကျိုးတွေ ဒါတွေဖြစ်လာနိုင်တယ်။ အပြစ်တွေကတော့ ဒါတွေဖြစ်လာနိုင်တယ်။ အဲ့ဒါတွေကို ကြိုတင်တွက်ဆပြီးတော့ ဒါတွေကို ရယူနိုင်အောင်အတွက် အစီအမံတွေ ဆောင်ရွက်ထားရမှာဖြစ်ပါတယ်။ မကောင်းတဲ့အဖြစ်၊ မကောင်းတဲ့အပြစ်တွေကိုမရောက်အောင်လည်း

စီမံဆောင်ရွက်မှုတွေ၊ ဥပဒေပြဌာန်းတာတွေ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အကျိုးကျေးဇူးတွေလည်း ပိုပိုပြီးတော့ရရှိနိုင်အောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒါဟာတော့ စာအုပ်တွေကိုလေ့လာရင် Best --------- တွေနှင့်ပတ်သက်ပြီးတော့ ထုတ်ပြန်ထားတဲ့စာတမ်းတွေအများအပြားရှိပါတယ်။ -------- အကောင်အထည်ဖော်မှုနှင့် ပတ်သက်ပြီး တော့ ----------- တွေကို IFC (International Finding Corporation) World Game က ထုတ်ပြန်ထားတဲ့စာအုပ်တွေလည်းရှိသလို နိုင်ငံတိုင်းနိုင်ငံတိုင်းမှာ သုံးသပ်ထားတဲ့အစီရင်ခံစာတွေ ရှိတဲ့အတွက် ဒါတွေကိုပြန်ဖတ်ပြီးတော့ ဒီကနေပြီးတော့ ကောက်နုတ်ပြုစုပြီးတော့ ကျွန်တော်တို့ နိုင်ငံတိုးတက်ရေးအတွက် အကျိုးရှိတာတွေကို ပိုပြီးတော့ အကျိုးရှိအောင် မဖြစ်သင့်တဲ့ကိစ္စတွေကို လျော့နည်းသွားအောင်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

နောက်မေးခွန်း(၃) ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းဆောင်ရွက်ရန်အတွက် ပြည်ထောင်စုလွှတ်တော်သို့တင်ပြအတည်ပြုချက်ရယူရန်အစီအစဉ်ရှိသလား။ ရှိလျှင်မည်သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင်တင်ပြပါမည်လဲ။ မတင်ပြလျှင်မည်သည့်အတွက်ကြောင့် အတည်ပြုရယူခြင်းမပြုသည်ကိုသိလိုသဖြင့်ဖြေကြားပေးနိုင်ပါရန် မေးမြန်အပ်ပါတယ်ဆိုတဲ့မေးခွန်းနှင်ပတ်သက်ပြီး တော့ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းကို ယခင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ၂၀၀၈ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့က အစိုးရအဖွဲ့ရဲ့သဘောတူညီချက်နဲ့ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် အီတာလျံ-ထိုင်းကုမ္ပဏီတို့နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ အဲ့ဒီနောက်မှာ ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်မှုအကောင်အထည်ဖော်ရေးဆိုင်ရာမူဘောင်သဘောတူညီချက်စာချုပ် Framework Agreement ကို အစိုးရဖွဲ့ကိုတင်ပြခွင့်ပြုချက်ရယူပြီးတော့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် အီတာလျံ-ထိုင်းကုမ္ပဏီတို့လက်မှတ်ရေးထိုချုပ်ဆိုခဲ့ပါတယ်။ ဒီ စီမံကိန်းဟာ စီမံကိန်းအသစ်မဟုတ်ဘဲနဲ့ ယခင်အစိုးရလက်ထက်ကအတည်ပြုပြီး စာချုပ်ချုပ်ဆို ဆောင်ရွက်ခဲ့တဲ့ကိစ္စကို ယခုအစိုးရက ဆက်လက်အကောင်အထည်ဖော်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် သီးခြားတင်ပြခြင်းမပြုဘဲ နောက်ထပ်ဆောင်ရွက်နေတဲ့ လေ့လာစူစမ်းမှုတွေ၊ အသေးစိတ် အစီအမံတွေ၊ တန်ဖိုးတွေကို တွက်ချက်ရရှိတဲ့အခါမှာ ပြည့်စုံစွာနဲ့ ပြည်ထောင်စုလွှတ်တော်ကို တင်ပြဖို့ စီစဉ်ထားပါတယ်။ အဲ့ဒီအခြေအနေမှာ အီတာလျံ-ထိုင်းကုမ္ပဏီအနေနဲ့ ငွေကြေးစုစည်းရာမှာ အခက်အခဲဖြစ်ပြီးတော့ လုပ်ငန်းနှောင့်နှေးလာတဲ့အတွက် နှစ်ဖက်နိုင်ငံ အစိုးရကပူးပေါင်း ဆောင်ရွက်ဖို့ကိစ္စတွေပေါ်ပေါက်လာပြီးတော့ တတိယနိုင်ငံတွေကို ဖိတ်ခေါ်ဖို့ဖြစ်လာပါတယ်။ ဒါကြောင့် ရှေ့ဆက်လက်ဆောင်ရွက်မယ့်အစီအစဉ်များ ပီပြင်လာတဲ့အချိန်မှာ ဆက်လက်ဆောင်ရွက် မယ့်စီမံကိန်းလုပ်ငန်းတွေ၊ စီမံကိန်းရင်းနှီးမြှုပ်နှံမှု လျာထားချက်တွေ၊ ဒီဟာတွေကို ပြည်သူ့လွှတ်တော် ကိုတင်ပြဖို့စီစဉ်ထားပါတယ်။ အလားတူပဲ ဒီ အထူးစီးပွားရေးဇုန် ထားဝယ်အထူးစီးပွားရေးဇုန် အပါအဝင် အထူးစီးပွားရေးဇုန်နှင့်ပတ်သက်ပြီးတဲ့ -------- Law ကိုပြုစုတဲအခါမှာလည်း ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကို ဆက်လက်ပြီးတော့တင်ပြဖို့ရှိပါတယ်။ ဒါနှင့်ဆက်စပ်ပြီးတော့ ပြောရမယ် ဆိုရင် ထားဝယ်ဒေသမှာ ဒီဟာနှင့်ပတ်သပ်ပြီးတော့ ဖြစ်လာနိုင်တဲ့အကျိုးသက်ရောက်မှု၊ နောက် အပြစ်သက်ရောက်လာမယ့်ကိစ္စတွေ၊ ဒီဟာတွေကို ဖော်ထုတ်နိုင်ဖို့အတွက်ဆိုပြီးတော့ မကြာသေး ခင်ကပဲ ထားဝယ်မှာ Workshop လုပ်ပါတယ်။ အဲ့ဒီ Workshop ကို ထားဝယ်မြို့ပေါ်ကပုဂ္ဂိုလ်တွေ ရော၊ ပါတီပေါင်းစုံခေါ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်တွေအားလုံးတက်ပါတယ်။ ဒီအပြင် အထူးစီမံကိန်းဆောင်ရွက်မယ့် နဘူးလယ်ဒေသ၊ နောက် အဲ့ဒီဒေသတစ်ခုလုံးမှာရှိတဲ့ အုပ်ချုပ်ရေးမှူးတွေပါခေါ်ပါတယ်။ နောက် စိတ်ပါဝင်စားတဲ့လူတွေခေါ်ပါတယ်။

ခေါ်ပြီးတော့ ဆွေးနွေးခဲ့ပါတယ်။ အဲ့ဒီမှာဘာလဲဆိုရင် အကျေအလည်ဆွေးနွေးခဲ့ပါတယ်။ အဓိက အဲ့ဒီမှာဆွေးနွေး သွားတဲ့အကြောင်းအရာကတော့ ပထမဆုံးတစ်ခုကတော့ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးကို အဓိကထားပြီးတော့ဆွေးနွေးသွားပါတယ်။ နောက် ဒုတိယတစ်ခုကတော့ သက်ဆိုင်ရာဒေသမှာ လူမှုရေးအရ ဘယ်လိုအကျိုးသက်ရောက်မှုတွေရှိမလဲ။ အဲ့ဒါတွေကို ဘယ်လိုလုပ်ပေးမလဲဆိုတာ ဆွေးနွေးပါတယ်။ နောက်တစ်ခုက အဲ့ဒီဒေသမှာရှိတဲ့ မြေယာတွေကို သိမ်းဆည်းမှုနှင့်ပတ်သက်ပြီးတော့ လျော်ကြေးပေးတဲ့အခါမှာ ဘယ်နှုန်းနဲ့ပေးမှာလဲ။ သူတို့ကတော့ ဒီနှုန်းတွေလိုချင်တယ်ဆိုပြီးတော့ အဲ့ဒီ မှာဆွေးနွေးကြပါတယ်။ ဆွေးနွေးကြတဲ့အခါကျတော့ အဲ့ဒီမှာ သက်ဆိုင်ရာဆွေးနွေးပွဲတက်ရောက်လာ တဲ့သူတွေတောင်းတဲ့အတိုင်း ယခင်ထက်ကိုပိုပြီးတော့ ပေးဖို့ဆုံးဖြတ်ခဲ့ပါတယ်။ ဆုံးဖြတ်တဲ့အတွက် ဒီ Workshop နှင့်ပတ်သက်ပြီးတော့ ဒီ Workshop ကနေပြီးတော့ Out Come အဖြေ ၅ ချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ အဲ့ဒီ ထုတ်ပြန်ပြီးတော့ ဒီ Workshop အဆုံးသတ်ခဲ့ပါတယ်။ ရှေ့လျောက်လည်း ဒီဒေသခံတွေရဲ့အကူအညီ၊ ဒီဟာသည် တစ်တိုင်းပြည်လုံးနဲ့သက်ဆိုင်တဲ့အတွက် ကျယ်ကျယ်ပြန့်ပြန့်နဲ့ Workshop တွေလုပ်မယ်။ Seminar တွေလုပ်မယ်။ လုပ်ပြီးတော့ အဖြေရှာပြီးတော့ ဒီထားဝယ်ဒေသ အထူးစီးပွားရေးစီမံကိန်းကိုဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့နိုင်ငံမထိခိုက်စေရေး၊ ကျွန်တော်တို့ နိုင်ငံအကျိုးရနိုင်သမျှရရှိစေရေး၊ ထိုက်သင့်တဲ့အကျိုးတွေကိုအားလုံး တစ်နိုင်ငံလုံး မျှဝေခံစားနိုင်ရေး များကို စီမံဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်းတင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ပြည်သူ့ လွှတ်တော်ကို မေးခွန်းများဟာ လွှတ်တော်ကရတဲ့အချိန်နဲ့မကာမိအောင်ပင်များပြားပါတယ်။ ဒီထဲမှာ ကြယ်ပွင့်ပြမေးခွန်း၊ ကြယ်ပွင့်မပြမေးခွန်းများလည်းပါပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များရဲ့အခွင့်အရေးမဆုံးရှုံးစေသောငှာ ရောက်လာတဲ့မေးခွန်းအားလုံးကို သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ အဖွဲ့အစည်းအားလုံးသို့ ပြန်လည်ဖြေကြား နိုင်ဖို့ပေးပို့ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ပဥ္စမအကြိမ်ပုံမှန်အစည်းအဝေးအထိ ကျွန်တော်တို့ လွှတ်တော်ကမေးထားတဲ့ မေးခွန်းတွေကို ဝ၆ဖဖို့လွှတ်တော်မှာအချိန်မလုံလောက်တဲ့အတွက် လွှတ်တော် မကျင်းပတဲ့ ကာလအတွင်းမှာရောက်ရှိလာတဲ့ မေးခွန်းရဲ့အဖြေများကိုလည်း သက်ဆိုင်ရာ မေးမြန်းထားတဲ့ ကိုယ်စားလှယ်များထံဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါတယ်။ တစ်ချို့ ပြည်သူများနဲ့တစ်ချို့အဖွဲ့အစည်းများက လွှတ်တော်မှမေးတဲ့မေးခွန်းတွေဟာ မလိုအပ်ပဲနဲ့ မေးတဲ့မေးခွန်းတွေ တစ်ချို့ကျတော့ အရေးမပါသောမေးခွန်းတွေ ဒီလိုအမျိုးမျိုးပြောဆို ဝေဖန်တာတွေလည်းရှိပါတယ်။ သို့ရာတွင် ကျွန်တော်တို့ လွှတ်တော်အနေနဲ့တော့ ဒါပဲမေးစရာရှိလို့ ဒါမေးတာ မေးတဲ့အခါမှာလည်း အခွင့်အရေးမဆုံးရှုံးအောင်လို့ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုမေးတဲ့မေးခွန်းနဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ မေးခွန်းများမေးမြန်းတဲ့နေရာမှာ လွှတ်တော်ဥပဒေ၂၂ မှာ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် မေးခွန်းဖြစ်သည်ဟု ဥက္ကဋ္ဌကသတ်မှတ်သော မေးခွန်းများနှင့် ဝ၆ဖကြားချက်များကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းနိုင်သည်ဆိုပြီးတော့ ပြဋ္ဌာန်းထားတာ ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ဒီမှာ ထပ်လောင်းတင်ပြချင်တာက မေးခွန်းများမေးမြန်း နိုင်ပါတယ်။ သို့ရာတွင် လွှတ်တော်ရဲ့ အချိန်ကို လေးစားသောအားဖြင့် မိမိတို့မေးတဲ့မေးခွန်းဟာ သင့်မသင့် မိမိဘာသာမိမိဆုံးဖြတ်ပါ။ ကျွန်တော်တို့ဘက်က ကန့်သတ်ချက်မရှိပါဘူး။ သို့ရာတွင် မေးလာတဲ့မေးခွန်းတွေဟာ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေတဲ့

မေးခွန်းလို့ လွှတ်တော်ဥက္ကဋ္ဌကယူဆတယ်ဆိုရင် ဒီမေးခွန်းနှင့်ဖြေကြားချက်များကို နိုင်ငံတော်ပြန်တမ်းအထိ ဆောင်ရွက်ပေးမှာဖြစ်ကြောင်း လွှတ်တော်ကိုအသိပေးတင်ပြ ပါတယ်။ အခုဆက်လက်ပြီး ဖီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ဖီးကုန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော် များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ဖီးကုန်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ပဲခူးတိုင်း ဒေသကြီးဖီးကုန်းမြို့၏ အရှေ့ဘက်ရှိပြည်သူများ၏တင်ပြချက်အရ GSM တယ်လီဖုန်း လိုင်းများမမိသည့်အတွက်ဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းသွားမှာဖြစ်ပါတယ်။ ဖီးကုန်းမြို့ရဲ့ အရှေ့ဘက် ၇ မိုင်ခန့်ကွာဝေးသော ရွာဝိုင်းကြီးကျေးရွာအုပ်စု ရွာဝိုင်းကြီးကျေးရွာတွင် စခန်းသစ်တည်ဆောက်ပေးနိုင်ပါလျှင် ရွှေဖလားကျေးရွာ၊ သက်ကယ်ပြင်ကျေးရွာ၊ သင်ကန် ကျေးရွာ၊ ခရူးချောင်းကြေးရွာ၊ ဒိုးနယ်ကျေးရွာ၊ ဘော်ဘင်ကျေးရွာ၊ ဆိတ်ကူးကျင်းကျေးရွာ၊ ကန်ကြီးကျေးရွာ၊ မီးကောက်ပင်ကျေးရွာ၊ ကန်ကလေးကျေးရွာ၊ ချောင်းသာယာရွာ၊ တောင်ညို မြို့သစ်၊ ရေတာရှည်ကျေးရွာ၊ ဘုရားကြီးကုန်းကျေးရွာ၊ အုန်းနဲကန်ကျေးရွာ၊ ကြံရင်းကျေးရွာ၊ စခန်းကြီးကျေးရွာ၊ စောင်ဂုက်ကျေးရွာအစရှိတဲ့ စီးပွားရေးတောင့်တင်းပြီး သုံးသီးစိုက် ကျေးရွာများမှာ GSM တယ်လီဖုန်းလိုင်းများရရှိပါက ပြည်သူများ အထူးပင်အဆင်ပြေ ချောမွေ့မှာဖြစ်ပါတယ်။ လူမှုရေး၊ စီးပွားရေးအဆင့်အတန်းများလည်း မြင့်မားလာနိုင်မှာ ဖြစ်တဲ့အပြင် ဆက်သွယ် ဆောင်ရွက်နိုင်မှုများအဆင်ပြေချောမွေ့လာမှာဖြစ်ပါတယ်။ သို့ပါ၍ GSM မိုဘိုင်းရေဒီယိုစခန်းသစ် တစ်ခုတည်ဆောက်ပေးနိုင်ခြင်းရှိ၊ မရှိနှင့် ပြည်သူများ၏ လိုလားတောင်းတချက်အရ မေးမြန်းရခြင်းဖြစ်ပါတယ်။ ယခုလက်ရှိအနေအထားတွင် ဖီးကုန်းမြို့ မိုက်ခရိုဝေ့စခန်းတွင် GSM စခန်းတစ်ခုဖွင့်လှစ်ထားရှိပါတယ်။ (၂) ဖီးကုန်းမြို့နယ် အနောက်ဘက် လေးမျက်နှာကျေးရွာတွင် GSM မိုဘိုင်းရေဒီယိုစခန်းတစ်ခုဖွင့်လှစ်ထားရှိပါ တယ်။ ယခုတင်ပြတောင်းခံသောဧရိယာမှာ ဖီးကုန်းမြို့ရဲ့အရှေ့ဘက်ရှိ ကျေးရွာအုပ်စုများ၊ မြို့ချင်းထိစပ်လျက်ရှိသော နတ်တလင်းမြို့ရဲ့အရှေ့ဘက်ကျေးရွာအုပ်စုများ၊ ကြို့ပင်ကောက် မြို့ရဲ့ အရှေ့ဘက်ကျေးရွာအုပ်စုများရှိပြည်သူများပါ အကျိုးရှိနိုင်မည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မေးမြန်းလိုတဲ့မေးခွန်းမှာ မေးခွန်း (၁) ဖီးကုန်းမြို့၏အရှေ့ဘက် ၇ မိုင်ခန့်ကွာဝေးသော ရွာဝိုင်းကြီးကျေးရွာအုပ်စု ရွာဝိုင်းကြီးကျေးရွာတွင် GSM မိုဘိုင်းရေဒီယိုစခန်းအသစ်တစ်ခု တိုးချဲ့တပ်ဆင်ပေးရန်အစီအစဉ်ရှိ၊ မရှိ။ ပြည်သူများရဲ့ လိုလားတောင်းတချက်အရ မေးမြန်းခြင်း ဖြစ်ပါတယ်။ မေးခွန်း (၂) တိုးချဲ့တပ်ဆင်ပေးရန်အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းသိရှိလိုပါ၍ ရိုသေလေးစားစွာဖြင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနမှဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ဆက်သွယ်ရေး၊သတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်း တောင်းအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း ဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ဇီးကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်ရဲ့ ဇီးကုန်းမြို့နယ်၊ ရွာဝိုင်းကြီးကျေးရွာမှာ GSM မိုဘိုင်းရေဒီယိုစခန်းအသစ် ၁ ခုတိုးချဲ့တပ်ဆင်ဖို့အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းတဲ့ မေးခွန်းကို ကျွန်တော် ဖြေကြားပါ့မယ်။

ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ်၊ ရွာဝိုင်းကြီးကျေးရွာမှာ GSM/UMTS စခန်း ၁ ခု တိုးချဲ့တပ်ဆင်ပေးဖို့အတွက် မကြာမီဆောင်ရွက်မည့် ကျေးလက်ဒေသ GSM/UMTS တိုးချဲ့ တပ်ဆင်ရေး စီမံကိန်းမှာ ထည့်သွင်းလျာထားဆောင်ရွက်ရန်စီစဉ်ပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဒုတိယဝန်ကြီးခင်ဗျား။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်ကို ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းက ရောက်ရှိတဲ့ ရွှေကျင်မြို့နယ်က မြို့မိမြို့ဖတစ်ဦးရဲ့ တင်ပြချက်တစ်ခုရှိပါတယ်။ ရွှေကျင်တောင်ခြမ်း၊ မြောက်ခြမ်း၊ အရှေ့ခြမ်းမှာရှိတဲ့ ပြည်သူများဟာ ဆက်သွယ်ရေးအခက်အခဲရှိတဲ့အတွက် ရွှေကျင်ရဲ့တောင်ဘက် ဒုံဆစ်ဒေသနဲ့ ရွှေကျင်ရဲ့မြောက်ဘက် မင်းလက်ပန်ဆိပ်ဒေသမှာ သူတို့အမြင်ကတော့ ခုနက ပြောတဲ့ ဆက်သွယ်ရေးအတွက် တာဝါတိုင် လိုအပ်တယ်လို့ ယူဆပြီးတော့ ဆောက်လုပ်ပေးနိုင်ရန် တင်ပြခဲ့ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာန မပါ တဲ့အတွက် မိမိမှတ်သားပြီးတော့ပဲ ထားရှိခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင် မြို့နယ်က တင်ပြထားတဲ့ ဒုံဆစ်နဲ့ မင်းလက်ပန်ဆိပ်ဒေသမှာ တာဝါတိုင် ထားရှိဆောင်ရွက်ဖို့ ကိစ္စနဲ့ ပတ်သက်ပြီးတော့ကာ မှတ်သားပြီးတော့ သက်ဆိုင်ရာကို လိုအပ်သလို ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်ထွန်း(မိုးမောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ယနေ့အစည်းအဝေးခန်းမအတွင်းသို့ ကြွရောက်လာကြသော ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်အတွင်း စစ်ဘေးစစ်ဒဏ် အခံရဆုံးမြို့နယ်ဖြစ်တဲ့ မိုးမောက်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်းဖြစ်ပါတယ်။ မိုးမောက်မြို့နယ်တွင် ကြိုးဖုန်းအလုံးရေစုစုပေါင်းမှာ ၁၇၀ လုံးသာရှိပြီး ကြိုးဖုန်းဝယ်ယူရာတွင် ပြည်သူများက

ငွေအင်အား အလုံအလောက်မရှိပါသဖြင့် နိုင်ငံတော်မှ တန်ဖိုးနည်း WCDMA, CDMA-450,GSM ဖုန်းများ ရရှိပေးပါသော်လည်း ဖုန်းလိုင်းအားများ မကောင်းမွန်ပါသဖြင့် ဝယ်ယူသူနည်းပါးပြီး ဆက်သွယ်ရေးတွေ အင်မတန်နောင့်နှေးလျက်ရှိသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ အတွင်းမှာရှိတဲ့ မိုးကောက်မြို့နယ်တွင် အခြားမြို့နယ်များနည်းတူ WCDMA, CDMA-450,GSM ဖုန်းလိုင်းများအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ် ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ဆက်သွယ်ရေးသတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ မိုးကောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်းရဲ့ မိုးကောက်မြို့နယ်မှာ အခြားမြို့နယ်များ နည်းတူ WCDMA, CDMA-450,GSM ဖုန်းလိုင်းများကို အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိနဲ့ပတ်သက်ပြီး မေးခွန်းကို ကျွန်တော်ပြန်လည်ဖြေကြားပါမယ်။ ပြီးခဲ့တဲ့ မေးခွန်းအတိုင်းပါပဲ။ ကျွန်တော်တို့ မိုးကောက်မြို့နယ်မှာ GSM UMTS စခန်းအသစ်တစ်ခုတိုးချဲ့ တပ်ဆင်ပေးဖို့ အတွက် ကျွန်တော်တို့ မကြာမီကာလလေးမှာပဲ ဆောင်ရွက်မယ့် ကျေးလက်ဒေသ GSM UMTS တိုးချဲ့တပ်ဆင်ရေးစီမံကိန်းမှာ ထည့်သွင်းလျာထား ဆောင်ရွက်ပေးဖို့ စီစဉ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါ တယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မြောက်ဥက္ကလာမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မြောက်ဥက္ကလာပမဲဆန္ဒနယ်က ဒေါက်တာသန်းဝင်း ဖြစ်ပါတယ်။ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်တစ်ချို့မှာ စေတနာရှင် သွေးလှူရှင်အဖွဲ့များဖွဲ့စည်းပြီးတော့ ချို့တဲ့တဲ့အရေးပေါ်သွေးလိုအပ်သော နေရာများကို အခမဲ့ သွေးလှူဒါန်းမှုများ ပြုလုပ်ပေးလျက်ရှိနေပါတယ်။ အသင်းအဖွဲ့အလိုက်သွေးလှူဘဏ်များမှာ သွေးလှူဒါန်းကြတဲ့အခါမှာတော့ သွေးစစ်ဆေးခြင်းများ သွေးအိတ်များ အခမဲ့ဝန်ဆောင်မှုရရှိ သော်လည်း အထက်ဖော်ပြပါ စေတနာရှင် သွေးလှူရှင်များအနေနဲ့ လှူနာရှင်သွေးစစ်ဆေးမှုများ အတွက် တစ်ဦးလျှင် ၃၅၀၀ ကျပ်၊ သွေးအိတ်တစ်ခုလျှင် ၂၅၀၀ ကျပ်ပေးရပါသဖြင့် စေတနာရှင် သွေးလှူရှင်အဖွဲ့များအတွက် အခက်အခဲများဖြစ်ရပြီးတော့ ရေရှည်ရပ်တည်နိုင်ခြင်းမရှိတာကို တွေ့ရပါတယ်။ လောလောလပ်လပ် အချိန်မှာပဲ ဒီလအတွင်း မြောက်ဥက္ကလာပမြို့နယ်မှာ အရေးပေါ် သွေးလိုအပ်တဲ့ OG Case နှစ်ခုကို စေတနာရှင် သွေးလှူရှင်များအနေနဲ့လည်း သူတို့မှာ ငွေပြတ်လပ် မှုဖြစ်တဲ့အတွက် သွေးလှူဒါန်း

နိုင်ခြင်းမရှိတာကို ဖြစ်ပေါ်ခဲ့ပါတယ်။ အဲ့ဒီတော့ မေးခွန်းအနေနဲ့ ကျွန်တော်မေးခြင်းတာကတော့ အခရေးပေါ်သွေးလိုအပ်သူ ချို့တဲ့လူနာများအတွက် အခမဲ့စေတနာ သက်သက်ဖြင့် လိုက်လံ အကူအညီပေးဆောင်ရွက်နေသော စေတနာရှင်သွေးလှူရှင်များအတွက် သက်ဆိုင်ရာက မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသည်ခင်ဗျား။ ကျေးဇူးတင် ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဒေါက်တာဖေသက်ခင်ဒုတိယဝန်ကြီး၊ကျန်းမာရေးဝန်ကြီး** ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်အနေနဲ့ ရန်ကုန်တိုင်း ဒေသကြီး မြောက်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်းမှ အရေးပေါ် သွေးလိုအပ်သူ ချို့တဲ့လူနာများအတွက် အကူအညီပေးနေသောစေတနာ သွေးလှူ ရှင်များအတွက် သက်ဆိုင်ရာက မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးနိုင်မည် မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားခွင့်ပြုပါရန်တင်ပြအပ်ပါတယ်။ ယခင်ကာလက ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ သွေးခံ အိတ်နှင့် သွေးစစ်ဆေးတဲ့ ဓာတုပစ္စည်းတွေ နောက် တစ်စတစ် ခေါ်တဲ့ သွေးစစ်တဲ့ကိစ္စတွေကို ဖြန့်ဖြူးပေးနေသော်လည်း ကန့်သတ်ချက်ရှိတဲ့အတွက် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် လုံလောက်မှုမရှိပါဘူး။ ဒါကြောင့်မို့လို့ တချို့တတ်နိုင်တဲ့လူနာရှင်များမှ သွေးခံအိတ်များဝယ်ယူ ရခြင်းနှင့် လူနာရှင်သွေးစစ်ဆေးမှုများအတွက် ကုန်ကျမှုများ ကျွန်တော်တို့ ဆောင်ရွက်နေရခြင်း ဖြစ်ပါတယ်။ သို့သော် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ တိုးမြှင့်ရရှိခဲ့တဲ့ ဘဏ္ဍာငွေအရ ပြည်နယ် တိုင်းဒေသကြီးများမှာရှိတဲ့ ပြည်သူ့ဆေးရုံများအတွက် တိုးမြှင့်ထောက်ပံ့နိုင်ရန် ဆေးနှင့်ဆေး ပစ္စည်းများကို အိတ်ဖွင့်တင်ဒါခေါ်ပြီးတော့ စိစစ်ရွေးချယ်ထားပြီးဖြစ်ပါတယ်။ အဆိုပါ တိုးမြှင့် ထောက်ပံ့တဲ့ ဆေးနှင့်၊ ဆေးပစ္စည်းများမှာလည်း ခုနက သွေးလှူဒါန်းတဲ့ကိစ္စနှင့်ပတ်သက်တဲ့ သွေးအိတ်တွေ တစ်စတစ်တွေကို ကျွန်တော်တို့ အလုံအလောက်ထည့်သွင်းဝယ်ယူထားပြီးဖြစ်တဲ့ အတွက် အဆိုပါ ဆေးနှင့်ဆေးပစ္စည်းများ ဖြန့်ဝေပြီးတဲ့အခါမှာ ခုနက သွေးလှူဒါန်းတဲ့ သွေးလှူ ရှင်များအနေနဲ့ သွေးလှူဒါန်းမှုများအတွက် ရရှိနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြ အပ်တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကနီမဲဆန္ဒနယ်မှ ဦးကျန်ထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျန်ထွန်း(ကနီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျန်ထွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေသဖွံ့ဖြိုးရေးအတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်း တစ်ခု မေးမြန်းသွားမှာဖြစ်ပါတယ်။ ကနီမြို့နယ်၊ ကင်းကျေးရွာကျေးလက်ကျန်းမာရေးဌာနမှာ

ကျေးလက်ကျန်းမာရေးဌာနခွဲ ၄ ခု ရှိပါတယ်။ ကနီမြို့နယ် ပြည်သူ့ဆေးရုံနဲ့လည်း ၃၄ မိုင်ကွာဝေးပြီး တော့ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ကျေးရွာအုပ်စုများဖြစ်ပါတယ်။ ကင်းတိုက်နယ်မှာ ကျေးရွာ အုပ်စု ၆ အုပ်စုပါဝင်ပြီးတော့ ကျေးရွာပေါင်း ၂၆ ရွာရှိပြီးတော့ တိုက်နယ်ဆေးရုံဖွင့်လှစ်ခွင့်ရရှိပါက မင်းကင်းမြို့နယ်မှ ကျေးရွာအုပ်စု ၃ အုပ်စု၊ ကျေးရွာ ၆ ရွာအပါအဝင် စုစုပေါင်း လူဦးရေ၂၇၃၂၆ ဦး ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မှာဖြစ်ပါတယ်။ ကင်းကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ် အဆင့်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ရာတွင် လိုအပ်သော အဓိကအဆောက်အဦးအပါအဝင် အခြား အချက်အလက်များ ပြည့်စုံအောင် ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကနီမြို့နယ် ကင်းကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ၊ မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မြို့နယ်ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ကနီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျန်ထွန်းမှ မေးမြန်းထားတဲ့ ကနီမြို့နယ် ကင်းကျေးရွာကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ပေးနိုင်ခြင်း ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ကျွန်တော်တို့ ကင်းကျေးလက်ကျန်းမာရေး ဌာနကို တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိရန်အတွက် ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ လျာထားပြီးဖြစ်ပါကြောင်းနှင့် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြ အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုးစိုး(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်း နှင့်ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျန်းမာရေးဆိုင်ရာမေးခွန်းမေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ထီးချိုင့်မြို့နယ်ကို ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၉ အုပ်စု၊ ကျေးရွာပေါင်း ၁၁၇ ရွာနှင့် ဖွဲ့စည်းထားပြီးတော့မှ လူဦးရေ ၁၁၀၀၀၀ ကျော် နေထိုင် လျက်ရှိပါတယ်။

မြို့နယ်ကို ထီးချိုင့်တိုက်နယ်၊ လယ်တောတိုက်နယ်၊ ညောင်ပင်သာတိုက်နယ်၊ ကနီတိုက်နယ်၊ လေးတိုက်နယ်နှင့် ခွဲခြားထားပါတယ်။ ဒေသခံမိဘပြည်သူများရဲ့ ကျန်းမာရေး စောင့်ရှောက်နိုင်ရန်အတွက် ထီးချိုင့်တိုက်နယ်အခြေပြုတဲ့ ထီးချိုင့်မြို့ပေါ်မှာ ၂၅ ခုတင်ဆံ့ ဆေးရုံ တစ်ရုံ၊ လယ်တောတိုက်နယ်အခြေပြုတဲ့ အလယ်တောကျေးရွာမှာ ၁၆ ခုတင်ဆံ့ ဆေးရုံတစ်ရုံ၊ ဧရာဝတီမြစ်ဖြင့် ပိုင်းခြားထားတဲ့ မြတောင်ကျေးရွာမှာ အလှူရှင်ဒေါ်ခင်လှနှင့် မိဘပြည်သူများ စုပေါင်းလှူဒါန်းထားတဲ့ ၁၆ ခုတင်ဆံ့ဆေးရုံတစ်ရုံ၊ စုစုပေါင်း ၃ ရုံရှိပါတယ်။ ကျန်ရှိတဲ့ ညောင်ပင်သာ တိုက်နယ်၊ ကနီတိုက်နယ်အတွင်းမှာတော့ ကျေးလက်ကျန်းမာရေးဌာနရှိကြသော်လည်း ဒေသခံမိဘ ပြည်သူများရဲ့ဆန္ဒကတော့ ကျန်းမာရေးအတွက် တိုက်နယ်အဆင့်ဆေးရုံများ ဆောက်လုပ်ပြီး စောင့်ရှောက်မှုပေးသွားရန် ရည်ရွယ်ထားကြပါတယ်။ ဒီလိုရည်ရွယ်ရတဲ့အကြောင်းအရင်းမှာလည်း မြို့နှင့်အလှမ်းကွာဝေးတဲ့ နေရာများဖြစ်ကြပြီး ကျန်းမာရေးကိစ္စအကြောင်းရှိရင် ရေတစ်တန်၊ ကုန်းတစ်တန် အခက်အခဲများစွာနှင့် သွားရောက်ရတဲ့ဒေသများဖြစ်တဲ့အတွက်ပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ညောင်ပင်သာတိုက်နယ်ကိုယ်စားပြု ညောင်ပင်သာ ကျေးရွာဟာ ထီးချိုင့်မြို့နှင့် ၁၃ မိုင်ခန့်ကွာဝေးပါတယ်။ ကျေးရွာအုပ်စုလူဦးရေ ၄၀၀၀ ကျော်ခန့် နေထိုင်ပါတယ်။ တိုက်နယ်အတွင်း ကျေးရွာအုပ်စု ၈ အုပ်စုရှိပြီး လူဦးရေ ၃၀၀၀၀ ကျော်နေထိုင်လျက် ရှိပါတယ်။ ဒေသအတွင်းနေထိုင်ကြတဲ့ မိဘပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်နိုင်ဖို့အတွက် ၁၉၈၂ ခုနှစ်က ရှိတဲ့အင်အားနဲ့ တိုက်နယ်ဆေးရုံ ဆောက်လုပ်နိုင်ခဲ့သော်လည်း အကြောင်းအမျိုးမျိုး ကြောင့် တရားဝင်ဖွင့်လှစ်ခွင့်မရရှိခဲ့ပါဘူး။ လက်ရှိအနေအထားမှာ အခြေအနေပေးလာတဲ့အတွက် ကျန်းမာရေးဦးစီးဌာနရဲ့ မူသတ်မှတ်ချက်များကို လွှတ်တော်မှာ မေးမြန်းတင်ပြခဲ့ပြီး လိုအပ်ချက်နှင့် ကိုက်ညီမှုရှိတဲ့အတွက် ညောင်ပင်သာတိုက်နယ် ဆေးရုံကို ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ ယခင်အဆောက်အဦအနေနဲ့ ပုံစံမမှန်ခဲ့တဲ့အတွက် ဖျက်သိမ်းခဲ့ပြီး ၁၆ ခုတင်ဆံ့တိုက်နယ် ဆေးရုံ ဆောက်လုပ်နိုင်ရန် ပနက်တင်မင်္ဂလာအခမ်းအနားကို ၈-၂-၂၀၁၂ ရက်နေ့မှာ ကျင်းပခဲ့ပါ တယ်။ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ကိုယ်တိုင် ကြွရောက်ချီးမြှင့်ပြီး ပနက်တင်ပေးခဲ့ ပါတယ်။ အဲ့ဒီနောက်ပိုင်းမှာတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းရဲ့ ဆင်ခမ်းတံတားခရီးစဉ်မှာ တင်ပြနိုင်ခဲ့ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသခံမိဘပြည်သူများက ကြိုတင်ပြီး ကိုယ့်အား ကိုယ်ကိုး တည်ဆောက်ကြတယ်ဆိုတာက ဦးစီးနိုင်မှုကိုပြသပြီး နိုင်ငံတော်က ကြည့်ရှုလာစေချင်တဲ့ ဆန္ဒ၊ စောင့်ရှောက်ပေးစေချင်တဲ့သဘောထားများနဲ့ ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ အထူးတင်ပြရရင်တော့ ဒေသခံမိဘပြည်သူများရဲ့ ကျန်းမာရေးလိုအပ်ချက်အရ မိဘပြည်သူများ ဘက်ကလည်း တက်နိုင်သမျှဆောင်ရွက်ပေးခြင်းပဲ ဖြစ်ပါတယ်။ ဒီတိုက်နယ်ဆေးရုံပြီးမယ်ဆိုရင် ထီးချိုင့်မြို့နယ်သာမက သပိတ်ကျင်းမြို့နယ်၊ တကောင်းမြို့နယ်ခွဲအတွင်းမှာရှိတဲ့ နယ်နိမိတ်ထိစပ်နေ တဲ့ ကျေးရွာ ၅ ရွာကိုပါ စောင့်ရှောက်သွားနိုင်မှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအခြေအနေ မှာ ဆေးရုံပင်မ အဆောက်အဦ ပြီးစီးနေပါပြီခင်ဗျား။ သန့်စင်ခန်းကိုလည်း ကျန်းမာရေးဝန်ကြီးဌာနရဲ့ ပုံစံသစ်အတိုင်း သာမန်၊ အထူးခွဲစိတ်ခန်း ၂ ခန်းပါဝင်တဲ့ပုံစံနဲ့ ဆက်လက်ဆောင်လုပ်နေပြီ ဖြစ်ပါ တယ်။ မကြာခင်ပြီးစီးတော့မှာ ဖြစ်ပါတယ်။ သို့ရာတွင် ဆေးရုံနှင့် ခွဲစိတ်ခန်းဆောက်လုပ်ရေးကဏ္ဍ တွေမှာ လိုအပ်ချက်တွေရှိနေအုံးမှာ ဖြစ်ပါတယ်။ သို့ပါ၍

အောက်ပါမေးခွန်းများကို မေးမြန်းတင်ပြ လိုပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ညောင်ပင်သာတိုက်နယ်ဆေးရုံကို ဖွင့်လှစ်လိုတဲ့ အတွက် (က) ဆေးရုံအတွက် လိုအပ်သောဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများအား သတ်မှတ်ချက် နှင့်အညီ ခန့်ထားပေးပါရန်။ (ခ) ဆရာဝန်နေအိမ်၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးပါရန်နှင့် ဝန်ထမ်းသုံး၊ အများသုံးအိမ်သာများဆောက်လုပ်ပေးပါရန်။ (ဂ) လိုအပ်တဲ့ ကျန်းမာရေး အထောက်အကူပစ္စည်းများနဲ့ အဆောက်အဦများရဲ့ လိုအပ်ချက်များကို ပံ့ပိုးပေးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထည့်သွင်းပေးရေးအစီအစဉ်ရှိ၊ မရှိ သိရှိလိုတဲ့အတွက် မိဘပြည်သူများရဲ့ ကိုယ်စားမေးမြန်းတင်ပြရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဘင်းမြင့် (ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်း ဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုးမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေး နှစ်အတွင်း ထီးချိုင့်မြို့နယ်အတွင်း ကိုယ့်အားကိုယ်ကိုး ညောင်ပင်သာတိုက်နယ်ဆေးရုံ ဖွင့်လှစ်လိုပါ ၍ ဆေးရုံအတွက်လိုအပ်နေသော ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများအား သတ်မှတ်ချက်နှင့်အညီ ခန့်ထားပေးပါရန်။ ဆရာဝန်နေအိမ်၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးပါရန်နှင့် လိုအပ်သည့် ကျန်းမာရေးအထောက်အကူပစ္စည်းများ ပံ့ပိုးပေးပါရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ် ညောင်ပင်သာ တိုက်နယ်ဆေးရုံကို ၁၆-၁၁-၂၀၁၂ မှာ ဖွင့်လှစ်ခွင့် ခွင့်ပြုပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီမှာရှိနေတဲ့ လောလောဆယ် တာဝန်ခံဆရာဝန်တစ်ဦးကို လက်ရှိခန့်ထားပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီးတော့ ၂၀၁၃ ခုနှစ် မတ်လမှာ ဆေးရုံတည်ဆောက်ခြင်းပြီးစီးသွားမယ်ဆိုရင် ကျန်တဲ့သူနာပြုအပါအဝင် ကျန်တဲ့ဝန်ထမ်းများကိုလည်း ဆက်လက်ခန့်ထားပေးသွားမှာ ဖြစ်ပါတယ်။ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ လျာထားတင်ပြပြီး ဖြစ်ပါတယ်။ ဒ့ါအပြင် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကိုလည်း ဆေးရုံအဆောက်အဦ ဆောက်လုပ်ပြီးတာနဲ့ တစ်ပြိုင်နက် ဆေးရုံနှင့် ဆေးရုံသုံးပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီစိစစ်ထောက်ပံ့ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်း ဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်အခုမေးမယ့်မေးခွန်းများဟာ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးမှာ အဆိုအဖြစ်တင်သွင်းတာဖြစ်ပြီး လွှတ်တော်ရုံးရဲ့ ညှိနှိုင်းချက်အရ မေးခွန်းအဖြစ် ပြောင်းပေးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အနည်းငယ်ပြည့်စုံစွာ တင်ပြမေးမြန်းခွင့်ပြုပါခင်ဗျား။ လယ်ယာစိုက်ပျိုးရေးနှင့်ပတ်သက်လို့ ပထမအချက်အနေနဲ့ တောင်သူလယ်သမားများ အတိုးကြွေးနွံ နစ်ပြီးတော့ ဆင်းရဲနွမ်းပါးမှု တိုးပွားမှုဖြစ်ရခြင်းအကြောင်းကို တင်ပြပါမယ်။ တောင်သူလယ်သမားများ ဟာ ၂၀၁၀ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ စုစုပေါင်း သုံးနှစ်နီးပါးခန့် စိုက်ပျိုးရာသီတွေမှာ (၁) ရာသီ ဖောက်ပြန်မှု၊ (၂) ရေကြီးရေလျှံမှု၊ (၃) ပိုးမွှားရောဂါကျရောက်မှုစတာတွေကြောင့် စပါးရော၊ ပဲပါ အထွက်နှုန်းလျော့နည်းပြီးတော့ သီးနှံဈေးနှုန်းမှာ ကျဆင်းမှုကြောင့် နှစ်စဉ်ဆက်တိုက်ဖြစ်ပေါ်ကာ ကြွေးမြီဝန်ထုပ်ဝန်ပိုးထံကို မြန်မာ့တောင်သူလယ်သမားများ အလူးအလဲခံနေကြရပါတယ်။ စိုက်ပျိုး စရိတ် ချေးငွေပြန်ဆပ်ဖို့ မပြေလည်ကြလို့ ရှိတာပေါင်နှံ ရောင်းချအတိုးကြီးနှင့် ထပ်ချေးဆပ်ကြရပါ တယ်။ တောင်သူလယ်သမားများခင်ဗျာ သုံးနှစ်နီးပါး ဆက်တိုက်ရှုံးတော့ ပုဂ္ဂလိကချေးတဲ့ငွေတွေကို ပြန်မဆပ်နိုင်ကြလို့ အတိုးနှင့်အရင်းပေါင်း အတိုးပေါ်အတိုးဆင့် လယ်သိမ်း၊ နွားသိမ်း၊ မြေသိမ်း၊ အိမ်သိမ်းတာတွေတောင်ခံကြရပါတယ်။ တချို့တရားစွဲခံရလို့ ရှိတာအကုန်အကြွေးထိုးဆပ်ပြီးတော့ တစ်ဖက်နိုင်ငံမှာ ရရာအလုပ်လုပ်ကြရပါတယ်။ လူကုန်ကူးမှုကိုလည်း အကြီးအကျယ်ခံကြရပါတယ်။ အကြွေးမဆပ်နိုင်လို့ ထွက်ပြေးတိမ်းရှောင်နေကြရသူတွေလည်း ရခဲလှတဲ့ လူ့ဘဝကို အဆုံးစီရင်သွား သူတွေတောင်ရှိနေပါတယ်။ ကျွန်တော်တို့ရဲ့ ထမင်းရှင်တွေသည် တကယ်ဆင်းရဲ နေကြပါတယ်။ ဒုတိယအချက်အနေနဲ့ စိုက်ပျိုးစရိတ်ချေးငွေများ အပြည့်အဝရရှိစေရေးနှင့်ပတ်သက်လို့ တင်ပြပါ မယ်။ လယ်တစ်ဧက စိုက်ပျိုးစရိတ်ကုန်ကျမှုဟာ ပျမ်းမျှငွေကျပ် ၁ သိန်းခွဲမှ ၁ သိန်း ၈ သောင်းခန့် အထိ ကုန်ကျပါတယ်။ အစိုးရက လယ်တစ်ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၅၀၀၀၀ နှုန်းနှင့် လယ်သမားတစ်ဦးကို ၁၀ ဧကအထိပဲ ပေးပါတယ်။ ကျွန်တော်တို့ သနပ်ပင်မှာတော့ တကယ် လယ်သမားရတာ ၉ ဧကအထိပဲရပါတယ်။ လယ်ရှိသူက ချေးငွေမရဘဲနှင့် လယ်မရှိသူက ချေးငွေယူ တာတွေလည်း ရှိနေပါတယ်။ စိုက်ပျိုးဘဏ်ဝန်ထမ်းတွေနဲ့ပေါင်းပြီးတော့ အမည်ပေါက် နာမည် အမျိုးမျိုးပြောင်းရပါတယ်။ ဝိုင်းကြီးချုပ်စနစ်နဲ့ ပေးချေတဲ့စနစ်မို့လည်း တစ်ရွာလုံးကြေမှ ပြန်ထုတ် ချေးပေးပါတယ်။ ယခုနှစ်စိုက်ပျိုးစရိတ်ကို မိုးရာသီမှာကော၊ အခုဆောင်းရာသီမှာပါ နောက်ကျပြီးမှ ထုတ်ချေးပြီးတော့ စိုက်ပျိုးစရိတ်မဟုတ်ဘဲနှင့် ရိတ်သိမ်းစရိတ်ဖြစ်နေပါတယ်။ တောင်သူလယ်သမား များမှာ အမှန်တကယ်အရင်းအနှီးလိုအပ်ချိန်မှာ ချေးငွေမရဘဲနှင့် နောက်အတော်ကြာမှ ရကြပါတယ်။ စိုက်ပျိုးစရိတ် အရင်းမလုံလောက်တဲ့အတွက် ဖြစ်သလိုစိုက်ပျိုးကြရပါတယ်။ အကွက်ပြည့်အောင် လည်း မစိုက်နိုင်ဘဲနှင့် ဖြစ်ကြရပါတယ်။ လုပ်အားအရင်းအနှီးကို ပြင်ပက ပုဂ္ဂလိက အတိုးကြီးကြီးနဲ့ ချေးယူသုံးစွဲစိုက်ပျိုးကြရပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေနှင့်ပတ်သက်လို့ (၁) လယ်သမားများ အမှန် တကယ်လိုအပ်ရင် တစ်ဧကကို

ကျပ်တစ်သိန်းနှုန်းအထိ ထုတ်ချေးပေးပါ။ (၂) အမှန်တကယ်စိုက်ပျိုး တဲ့ လယ်ကေအရှိအတိုင်းအလုံအလောက်ထုတ်ချေးပေးပါ။ (၃) စိုက်ပျိုးစရိတ်ကို အချိန်အခါမီ ထုတ်ချေးပေးပါ။ (၄) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပါက ချေးငွေများကို ဆိုင်းငံ့ ပေးပါရန်နှင့် (၅) တစ်ရွာလုံး ဝိုင်းကြီးချုပ်စနစ်အားလည်း ပြန်လည်သုံးသပ်ပြင်ဆင်ပေးပါရန် တင်ပြ ပါတယ်။ တတိယအချက်အနေနဲ့ ရေသွင်းရေထုတ်စနစ်များ ကောင်းမွန်အောင်ပြုပြင်ပေးရေး တင်ပြပါ တယ်။ ရေကြီးရေလျှံဖြစ်ရတဲ့ အဓိကအကြောင်းအရင်းမှာလည်း မြစ်ချောင်းများတိမ်ကောလာခြင်းနှင့် မြစ်ချောင်းပိတ်ငါးဖမ်းခြင်းများကြောင့်ပဲ ဖြစ်ပါတယ်။ မြစ်ကြောင်းများ ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်ဖို့ လိုအပ်သလို ချောင်းများ၊ မြစ်များ၊ တိမ်ကောနေတာကိုလည်း ပြန်လည်တူးဖော်ပေးပြီး ရေထိန်းတံခါးများလည်း တည်ဆောက်ပေးသင့်ပါတယ်။ နိုင်ငံတော်မှ သိန်းပေါင်းများစွာ အကုန်ကျခံ တူးဖော်ပြုပြင်ပေးထားတဲ့ တူးမြောင်းများ၊ ယင်းများ၊ တာတမံများ ပိတ်၍ ငါးဖမ်းခြင်းလုပ်ငန်းများ လုပ်ကိုင်ခြင်းကိုလည်း တားမြစ်သင့်ပါတယ်။ တာတမံများပိတ်၍ ငါးဖမ်းခြင်းကြောင့် နန်းကို ပျက်စီး စေပါတယ်။ အင်းများကရရှိတဲ့ အခွန်ငွေထက် ချောင်းမြောင်းများ ပြန်လည်တူးဖော်စရိတ်နှင့် လယ်သမားများ စပါးထွက်ရှိရေး ထိခိုက်ဆုံးရှုံးမှုက ပိုကြီးပါတယ်။ လယ်သမားများနှင့် ငါးသမားများ ပဋိပက္ခရန်ပွဲများဟာလည်း ဒေသမြို့နယ်အတော်များများမှာ ဖြစ်ပွားလျက် ရှိနေပါတယ်။ ရေသွင်း ရေထုတ်မြောင်းများနှင့်အတူ ကုန်ထုန်ဆက်သွယ်ရေးလမ်းများကိုပါ တစ်ပါတည်း တည်ဆောက်သွား သင့်ပါတယ်။ မိမိတို့ရဲ့ ရှေ့ရောက်နေတဲ့ အိမ်နီးချင်းနိုင်ငံတွေ ပြန်လည် တည်ဆောက်ပုံစနစ်၊ လယ်ခြား မြောင်းများ၊ ရေသွင်းရေနုတ်များမြောင်းများ၊ ရေအလေအလွင့်မရှိအောင် တည်ဆောက်ထားပုံ၊ ရေကြီးရေလျှံမဖြစ်အောင် ဆောင်ရွက်ပုံတွေကို ကုန်ထုတ်ဆက်သွယ်ရေးလမ်းများ တည်ဆောက်ပုံ တွေကို နမူနာယူလေ့လာဆောင်ရွက်သင့်ပါတယ်။ အဓိက အကြံပြုချင်တာကတော့ (၁) ငွေကုန် ကြေးကျများတဲ့ ဆည်အသစ်တွေဆောက်တာကို ဆိုင်းထားပါ။ (၂) အထက်မြန်မာပြည်မှာ ရေရှားပါးမှု အတွက် ရှိပြီးသားဆည်တွေကို စွမ်းအားမြှင့်အောင် ပြုပြင်ပေးပါ။ (၃) ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတွေမှာ ရေကြီးရေလျှံမှုမဖြစ်အောင် ရေကို လိုအပ် သလိုသွင်းထုတ်နိုင်အောင် ဆောင်ရွက်ပေးသင့်ပါတယ်။ စတုတ္ထအချက်အနေနဲ့ စိုက်ပျိုးစရိတ် နည်းပညာနှင့် မျိုးကောင်းမျိုးသန့်များ ရရှိရေးကို တင်ပြပါမယ်။ စိုက်ပျိုးစရိတ်နည်းပညာကို မြန်မာ နိုင်ငံမှာ အခြေခံပညာကစလို့ သင်ရိုးညွှန်းတမ်းများမှာပါ ရေးဆွဲပြဋ္ဌာန်းသင့်ပါတယ်။ စိုက်ပျိုးနည်းပညာကို ရက်ရှည်သင်တန်းများပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ပညာပေးဟောပြောပွဲ များ ပြုလုပ်ပေးခြင်း၊ မီဒီယာမျိုးစုံအသုံးပြုလို့ ပညာပေးခြင်း၊ စိုက်ပျိုးရေးနည်းပညာဖွံ့ဖြိုးထွန်းကား သော ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးများကို တောင်သူလယ်သမားများကိုပါ စေလွှတ်ပေးသင့်ပါ တယ်။ သုတေသနဓာတ်ခွဲခန်းများလည်း တည်ဆောက်ပေးသင့်ပါတယ်။ မျိုးကောင်းမျိုးသန့် သုတေသနပြုလုပ်ပေးဖို့၊ ဒေသရာသီဥတုနဲ့ကိုက်ညီ၍ အရည်အသွေးမြင့် အထွက်နှုန်းကောင်းတဲ့ စပါးများ အလုံအလောက်ရရှိရေး ဆောင်ရွက်ပေးသင့်ပါတယ်။ ပဉ္စမအချက်အနေနဲ့ လယ်ယာမြေ စနစ်ပြုပြင်ရန် လိုအပ်ပါတယ်။ လယ်ယာမြေတွေကို (၁) မြေမျက်နှာပြင်ညီညာအောင်ဆောင်ရွက်ခြင်း၊ (၂) လယ်ကွက်သေးများကို ဧကကွက်များဖော်ဆောင်ခြင်း၊ (၃) ရေသွင်းရေနုတ်မြောင်းများ တူးဖော် ပေးခြင်း၊ (၄) ကုန်ထုတ်လမ်းများဖောက်လုပ်ခြင်းတို့ ဖြစ်ပါတယ်။ ယင်းလုပ်ငန်းများဟာ အရင်းအနှီး ကုန်ကျမှုများတဲ့အတွက် အစိုးရနှင့်ပုဂ္ဂလိက ကုမ္ပဏီများက ရင်နှီးစိုက်ထုတ်လုပ်ကိုင်ပေးသင့်ပြီးတော့ တောင်သူလယ်သမားများ ရေနှင့်မြေသယံဇာတများကို စွမ်းအားပြည့်အသုံးချနိုင်အောင် ဆောင်ရွက် ပေးသင့်ပါတယ်။

ဆဋ္ဌမအချက်အနေနဲ့ စိုက်ပျိုးရေးကျွမ်းကျင်ဝန်ထမ်းများ တိုးချဲ့ခန့်ထားပေးရေးနှင့် ပတ်သက်၍ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် စိုက်ပျိုးရေးကျွမ်းကျင်ဝန်ထမ်းများကို တစ်ရွာလျှင် တစ်ယောက်နှုန်းအလုံအလောက်တိုးချဲ့ ခန့်ထားပေးပြီး နည်းပညာပံ့ပိုးမှုများ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးသင့်ပါတယ်။ သတ္တမအချက်အနေနဲ့ ဈေးကွက်ခိုင်မာရေးနှင့် ပတ်သက်လို့ တင်ပြချင်ပါတယ်။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကွက်ခိုင်မာဖို့၊ ဈေးနှုန်းအာမခံချက် ရှိဖို့ အရေးကြီးပါတယ်။ သီးနှံတွေ ဈေးကောင်းရဖို့ ဈေးကွက်ရှိတဲ့သီးနှံတွေကို လွတ်လပ်စွာ စိုက်ပျိုး နိုင်ဖို့ သတင်းအချက်အလက်တွေကို အချိန်နှင့်တစ်ပြေးညီရဖို့ သိရှိဖို့လည်း လိုအပ်ပါတယ်။ ဈေးကောင်းရဖို့ အရည်အသွေးကောင်း ဆန်စပါးကို စိုက်ပျိုးထုတ်လုပ်ဖို့ လိုအပ်ပါတယ်။ ဧရာဝတီ တိုင်းက ထွက်တဲ့ပေါ်ဆန်းဟာ ပြည်တွင်းဈေးကွက်မှာ အလွန်လူကြိုက်များသလို အပြည်ပြည်ဆိုင်ရာ ဆန်စပါးပြိုင်ပွဲမှာ ၃ နှစ်ဆက်တိုက်ဆုရတယ်။ ပထမဆုအထိရခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် အကြံပြုချင်တာက (၁) ဒေသရာသီဥတုနှင့်ကိုက်ညီပြီး အရည်အသွေးမြင့် အထွက်နှုန်းကောင်း စပါးမျိုးများကို ဈေးနှုန်းသက်သက်သာသာနှင့် အလုံအလောက်ဖြန့်ဖြူးပေးပါ။ (၂) ဈေးကွက်ခိုင်မာ တဲ့ သီးနှံများစိုက်ပျိုးနိုင်ရေးအတွက် သတင်းအချက်အလက်တွေကို အချိန်နှင့်တစ်ပြေးညီ ဖြန့်ဖြူးပေး ပါ။ ပံ့ပိုးကူညီဆောင်ရွက်ပေးပါ။ (၃) သွင်းအားစုများဖြစ်တဲ့ ဓာတ်မြေဩဇာပိုးသတ်ဆေးများကို သက်သာတဲ့ဈေးနှုန်းနဲ့ လုံလောက်စွာ ဆောင်ရွက်ပေးပါ။ (၄) စံချိန်မီအရည်အသွေးမြင့် လယ်ထွန်စက်၊ ရိတ်သိမ်းစက်၊ ကြိတ်ခွဲစက်များကို နှစ်တိုနှစ်ရှည်ချေးငွေများဖြင့် ရောင်းချပေးပါ။ (၅) တောင်သူလယ်သမားများ တစ်စုံတစ်ရာ အကျိုးအမြတ်ရှိမယ့် အခြေခံဈေးနှုန်းသတ်မှတ်ဝယ်ယူပေး ပါ။ ဈေးနှုန်းကမောက်ကမဖြစ်တဲ့အခါမှာ အစိုးရက ဝင်ရောက်ထိန်းညှိပေးပါ။ အဋ္ဌမအချက်အနေဖြင့် တောင်သူလယ်သမားအဖွဲ့အစည်းများ စနစ်တကျဖွဲ့စည်းပေါ်ပေါက်စေရန် ဆောင်ရွက်ပေးရပါမယ်။ ဒါမှသာ တောင်သူလယ်သမားများက မိမိတို့ရဲ့ အခက်အခဲပြဿနာများ အကျိုးခံစားခွင့်၊ ရပိုင်ခွင့်နှင့် လူမှုစီးပွားရေးဘဝ မြင့်မားတိုးတက်ရေးအတွက် ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်ကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် တောင်သူလယ်သမားအဖွဲ့အစည်း နည်းဥပဒေကိုလည်း အမြန်ပြဋ္ဌာန်းပေးရန် လိုအပ်ပါ တယ်။ သို့ပါ၍ မေးမြန်းလိုတဲ့ မေးခွန်းများမှာ တောင်သူလယ်သမားများ အတိုးကြွေးနွံနစ်ပြီး ဆင်းရဲမှု တိုးပွားရေးကို ရှေ့ရှုနေခြင်းမှ ကာကွယ်တားဆီးရေး၊ (၂) စိုက်ပျိုးစရိတ်ချေးငွေများ အပြည့်အဝရရှိ စေရေး၊ (၃) ရေသွင်းရေထုတ်စနစ်များ ကောင်းမွန်အောင် ပြုပြင်ပေးရေး၊ (၄) ခေတ်မီစိုက်ပျိုးရေး နည်းပညာနှင့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ (၅) လယ်ယာမြေကို စနစ်တကျပြုပြင်ပေးရေး၊ (၆) စိုက်ပျိုး ရေးနည်းပညာ ကျွမ်းကျင်ဝန်ထမ်းများ တိုးချဲ့ခန့်ထားပေးရေး၊ (၇) ဈေးကွက်ခိုင်မာစေရေးနှင့် (၈) တောင်သူလယ်သမားအဖွဲ့အစည်းများ စနစ်တကျဖွဲ့စည်းပေါ်ပေါက်စေရေးတို့ကို ပြည်ထောင်စု အစိုးရမှာ စနစ်ကျနစွာ စီမံခန့်ခွဲမှုဖြင့် အရှိန်မြှင့်ဆောင်ရွက်ပေးပါရန် အစီအစဉ်များရှိ၊ မရှိသိလိုပါ ကြောင်း မဲဆန္ဒရှင်များကိုယ်စား တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တော်ကြီး၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးခင်ဇော်ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ဦး၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမား များ၏အကျိုးအတွက်ကို မေးမြန်းတဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ ခြုံငုံပြီးတော့ ရှင်းလင်း ဖြေကြားမှာဖြစ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် တောင်သူလယ်သမားများဘဝ ဝင်ငွေနစ်ဆ တိုးတက်ရေးဦးတည်ချက်နှင့်အညီ စိုက်ပျိုးရေးထွက်ကုန်များကို တိုးတက်မြင့်မားရေးအတွက် စိုက်ပျိုး ထွက်ရှိလာသည့် သီးနှံများပေါ် စိုက်ပျိုးရေးအရ တွက်ခြေကိုက်မှုရှိပြီး ခိုင်မာသော စျေးကွက်ရရှိအောင် ဆောင်ရွက်ပေးခြင်း စျေးကောင်းရမည့် မျိုးကောင်းမျိုးသန့် များအသုံးပြုခြင်း ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ်များ အသုံးပြုခြင်း အခြေခံသော့ချက်ကြီး ငါးချက်နှင့်အညီ ဆောင်ရွက်သွားနိုင်ကြရေးအတွက် စဉ်ဆက်မပြတ် ပညာပေးခြင်း၊ စည်းရုံး ခြင်း၊ လှုံ့ဆော်ခြင်း၊ တောင်သူလယ်သမားများနှင့် လယ်ကွင်းထဲတွင် အတူပူးပေါင်း၍ စံနမူနာပြ စိုက်ခင်းများ ထူထောင်ခြင်းဖြင့် စျေးကွက်တွင် တွက်ခြေကိုက်သော စျေးနှုန်းများရရှိရေးအတွက် ဆက်စပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်းအားဖြင့် အစွမ်းကုန်ကူညီဆောင်ရွက် ပေးလျက်ရှိကြောင်း ဦးစွာရှင်းလင်းပြောကြားအပ်ပါတယ်။

မိမိတို့အစိုးရသစ်ကာလတွင် ကိုယ်တိုင်ဆန္ဒပြင်းပြစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက် သော တောင်သူလယ်သမားများကိုသာ အကျိုးကျေးဇူးခံစားကြရပြီး ကြွေးတင်ခြင်း၊ ဆင်းရဲခြင်း မှကင်းဝေးလျက် လူနိုင်တန်းနိုင်ကြပြီး လူနေမှုအဆင့်အတန်းများ အထိုက်အလျောက် မြင့်တက် လာနိုင်ကြပြီဖြစ်ပါတယ်။ သို့ရာတွင် ထိုကဲ့သို့သော တောင်သူပမာဏမှာ နိုင်ငံတော် လူဦးရေနှင့် နှိုင်းယှဉ်ပါက အလွန်ပင်နည်းပါးလျက်ရှိကြောင်း အရှိန်အဟုန်မြှင့်တင်ရန် လိုအပ်လျက် ရှိကြောင်း တင်ပြလိုပါတယ်။ အဓိကသော့ချက်လိုအပ်ချက်မှာ ကာယကံရှင်တောင်သူလယ် သမားတစ်ဦးချင်းကိုယ်တိုင် တိုးတက်ကြီးပွားလိုစိတ် အောင်မြင်လိုစိတ်နှင့် ကိုယ်တိုင်ကာယကံ မြောက် ဝီရိယရှိရှိဖြင့် ကိုယ်တိုင်ပါဝင် ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်ကြရန် အလွန် အရေးကြီးပါတယ်။ မိမိကိုယ်တိုင်ကြံစည်းကြိုးစား အားထုတ်မှုမရှိပါက မည်မျှပင်တိုက်တွန်းစေ ကာမူ ဆင်းရဲတွင်းနက်နေကြမည်ဖြစ်ပါတယ်။ တောင်သူလယ်သမားများအတွက် အရင်းအနှီး လိုအပ်ချက်ကို ကူညီဖြေရှင်းပေးနိုင်ရန်အလို့ငှာ လွှတ်တော်အဆင့်ဆင့်မှ အတည်ပြုပြဋ္ဌာန်း ပေးခဲ့ပြီးဖြစ်သော လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်စွာဖြင့်၊ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများအတွက် လယ်ယာလုပ်ငန်းခွင်တွင် အရင်းအနှီး လုပ်အပ်ချက်ကို မိမိတို့လုပ်ကိုင်ခွင့် ရရှိထားကြသော လယ်ယာမြေများကို ရောင်းခြင်း၊ ပေါင်ခြင်း၊ ငှားခြင်း နည်းလမ်းများဖြင့် အရင်း အနှီးများရရှိပြီး အကျိုးရှိစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးစရိတ် အရင်းအနှီးလိုအပ်ချက်များကို ထိထိရောက်ရောက် ဖြည့်ဆည်းပေးနိုင်ရေးအတွက် စိုက်ပျိုး စရိတ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိရာတွင် စပါးသီးနှံတစ်ဧက ယခင်ကျပ် ၈၀၀၀၀ နှုန်း မှ ကျပ် ၁၀၀၀၀၀ နှုန်းသို့ ၂၀၁၃-၂၀၁၄ မိုးစပါးသီးနှံရာသီမှစ၍လည်းကောင်း ကြံသီးနှံ တစ်ဧကလျှင် ယခင် ၁၀၀၀၀

နှုန်းမှ ကျပ် ၁၀၀၀၀၀ နှုန်းသို့၂၀၁၂-၂၀၁၃ ကြံစိုက်ရာသီမှ စတင် ၍လည်းကောင်း တိုးမြှင့်ထုတ်ချေးပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ရရှိလာမည့်အရင်း အနီးများကို လယ်ယာလုပ်ငန်းခွင်တွင် အမှန်တကယ် ရင်းနှီးမြှုပ်နှံကြရန်လည်း အရေးကြီးပါ တယ်။ တောင်သူလယ်သမားများ ဈေးကွက်တွက်ခြေကိုက်မည့် မျိုးကောင်းမျိုးသန့် မျိုးစေ့ များကို လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက် ရှိပါတယ်။ လက်တွေ့တောင်သူများစိုက်ပျိုးရာတွင် တစ်ဧက တင်း ၂၀၀ ကျော် ထွက်ရှိပြီး စီးပွားရေးအရ တွက်ခြေကိုက်သည့် ပုလဲသွယ်စပ်မျိုးစပါးများကို စိုက်ပျိုးရေးသုတေသန ပညာရှင်များအနေဖြင့် လက်တွေ့အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ကြပြီး ကိုယ်တိုင်တိုးတက်ကြီးပွားလိုကြသည့် ကိုယ်တိုင် ဆန္ဒဖြင့် စိုက်ပျိုးလိုကြသော ပြည်နယ်/တိုင်းအသီးသီးရှိ တောင်သူများထံသို့ ၂၀၁၁-၂၀၁၂ ခုနှစ် နွေစပါးရာသီတွင် ၇၅၂၇ ဧကနှင့် ၂၀၁၂-၂၀၁၃ ခုနှစ် မိုးစပါးရာသီတွင် ၃၁၁၇၉ ဧက စိုက်ပျိုးရန်အတွက် မျိုးစေ့များ ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။

၂၀၁၁-၂၀၁၂ ခုနှစ် မိုးစပါးရာသီနှင့် နွေစပါးရာသီတို့တွင် ပုလဲသွယ်စပ်မျိုးစပါးများနှင့် အခြားစပ်မျိုးစပါးများကို ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၁၈၁၆၂၁ ဧက၊ ရှမ်းပြည်နယ် တောင်ပိုင်းတွင် ၅၇၈ ဧက၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ၇၀၇၀ ဧက၊ ကချင်ပြည်နယ်တွင် ၅၈၇၈ ဧကနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ၈၇၂၆ ဧက စုစုပေါင်း ၂၀၄၁၇၃ ဧက စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါကြောင်းကိုလည်း တင်ပြအပ်ပါတယ်။ တစ်နိုင်ငံလုံး စိုက်ပျိုးဧကနှင့် နှိုင်းယှဉ်ပါက ပမာဏအားဖြင့် လွန်စွာနည်းပါးနေသေး သော်လည်း တောင်သူလယ်သမားများ၏ လိုအင်ဆန္ဒအပြည့်အဝကို ပြည်နယ်/တိုင်းဒေသကြီးများအလိုက် ဖြည့်ဆည်းပေးနိုင်ရေး အတွက် မိမိပြည်နယ်/တိုင်းဒေသအသီးသီး၏ ရာသီဥတုအခြေခံနှင့်ကိုက်ညီသော ရာသီဥတု ဒဏ်၊ ပိုးမွှားရောဂါဒဏ်ခံနိုင်သည့် မိဘလိုင်းများ ပွားများနိုင်ရေးအတွက် သုတေသနလုပ်ငန်း များအား ပြည်တွင်းပညာရှင်များ၊ တရုတ်ပညာရှင်များ၊ ဘယ်လ်ဂျီယမ်ပညာရှင်များ၊ အိန္ဒိယ ပညာရှင်များ၊ ဖိလစ်ပိုင်ပညာရှင်များဖြင့် စဉ်ဆက်မပြတ် သုတေသနလုပ်ငန်းအဆင့်နှင့် စီးပွားဖြစ် မျိုးစေ့ထုတ်ခြင်းအဆင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ပုဂ္ဂလိကအခန်းကဏ္ဍမှ မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်ကုမ္ပဏီများ ပေါ်ထွန်း လာရေး အတွက်လည်း ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ စပါးသီးနှံ အပြင် ကြံသီးနှံတွင် ယခင်က တစ်ဧကတန် ၂၀ ထွက်ရှိရာမှ ယခုတစ်ဧက တန် ၆၀ ထွက်ရှိလာ သောကြောင့် သုံးဆခန့် ပိုမိုထွက်ရှိလာခဲ့ပါတယ်။ တစ်သျှူးမျိုးပွားနည်းဖြင့် ပွားများထုတ်လုပ် သော ကြံမျိုးများကို တိုးတက်ဖြန့်ဖြူးနိုင်ရေး ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။ အစိုးရသစ်ကာလတွင် ကြံတောင်သူများ၏ တစ်ဦးချင်းဝင်ငွေများ တိုးတက်လာခြင်းမှာ ကြံဈေး နှုန်းနှင့် ကြံအထွက်နှုန်း တိုးတက်လာခြင်းကြောင့် ယခင်ကထက် သုံးဆကျော်တိုးတက်လာခြင်း ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ တောင်သူများတွက်ခြေကိုက်မှုကြောင့် ကြံစိုက်ဧကများ တိုးတက်လာပြီး ယခင်က ပြည်ထောင်စုချုပ် စုစုပေါင်းအထွက်တန်ချိန် ၉.၂ သိန်းသာလျှင် ထွက်ရှိခဲ့ရာမှ ယခုနှစ်တွင် ကြံတန်ချိန် ၂၂.၃ သိန်းအထိ သုံးဆခန့် ပိုမိုတိုးတက် စိုက်ပျိုးထွက်ရှိ လာကြောင်း တင်ပြအပ်ပါတယ်။ ယနေ့ ကြံတစ်တန်လျှင် အခြေခံအနိမ့်ဆုံး ကျပ် ၃၀၀၀၀ ဈေးဖြင့် တွက်ချက်ပါက ကြံတန်ချိန် ၂၂.၃ သိန်းအတွက် တန်ဖိုးငွေကျပ် ၆၆.၉ ဘီလီယံအထိ တိုးတက်ရရှိပါတယ်။

အလားတူ အစေ့ထုတ်ပြောင်းသီးနှံတွင်လည်း ယခင်က ပျမ်းမျှ ၅၈ တင်းထွက်ရာမှ ယခုအခါတွင် တစ်ဧကလျှင် ၁၀၀ တင်းကျော်ထွက်ရှိသော စပ်မျိုးများကို တပ်ကုန်းစိုက်ပျိုးရေး သုတေသနခြံတွင် စိုက်ပျိုးရေးပညာရှင်များဖြင့် အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နေပြီဖြစ်ပါ တယ်။ မြေပဲသီးနှံတွင်လည်း ယခင်က ပျမ်းမျှတစ်ဧကလျှင် ၅၆ တင်းထွက်ရှိရာမှ ယခုအခါ တစ် ဧက တင်း ၁၀၀ ရာကျော် ထွက်ရှိသည့်မြေပဲမျိုးများကို ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်နိုင်ငံ၊ ဟိုင်နန်ကျွန်းတို့မှ တင်သွင်းခဲ့၍ နေပြည်တော် ကောင်စီနယ်မြေတွင် မျိုးသန့်မျိုးပွား ၂၇ ဧက စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ယခုနှစ်ဆောင်းရာသီတွင် ဆက်လက်မျိုးသန့်မျိုးပွားစိုက်ပျိုး၍ တောင်သူများလက်ဝယ်သို့ အသီးသီးဖြန့်ဝေနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ စီးပွားရေးအရ တွက်ခြေကိုက်မည့် နေကြာ၊ ပဲပုပ်၊ ပဲတီစိမ်း၊ မတ်ပဲသီးနှံများကို သုတေသန ပြုလုပ်ပြီး မျိုးသန့်မျိုးပွားထုတ်လုပ်ပေးလျက်ရှိပါတယ်။

သွင်းအားစုဓာတ်မြေဩဇာ ထုတ်လုပ်ဖြန့်ဖြူးရေးလိုအပ်ချက်ကို နိုင်ငံပိုင်အခန်းကဏ္ဍ မှ လုံလောက်မှု မရှိ၍ ပုဂ္ဂလိကအခန်းကဏ္ဍမှ တင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် လည်းကောင်း နိုင်ငံပိုင်စက်ရုံများမှ စွမ်းအားပြည့် တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စွမ်းအင်ဝန်ကြီးဌာန နှင့်လည်းကောင်း နီးကပ်စွာ အကြိမ်ကြိမ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိနေပါတယ်။ သွင်းအားစု လိုအပ်ချက်မှာ အလွန်အရေးပါသော လိုအပ်ချက်ဖြစ်ပါတယ်။ သွင်းအားစုကို ထိရောက်စွာအသုံးပြုနိုင်ပါက လယ်ယာ ထွက်ကုန်များ အရှိန်အဟုန်ဖြင့် နှစ်ဆ၊ သုံးဆ တိုးတက်ထွက်ရှိပြီး တောင်သူတစ်ဦးချင်းသာမက နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်မြင့်မားစွာဖြင့်တိုးတက်စေနိုင်မည် ဖြစ်ပါ သောကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ပါကြောင်းလည်း တင်ပြ အပ်ပါတယ်။

ကိန်းဂဏန်းများနှင့်နှိုင်းယှဉ်တင်ပြရပါက မြန်မာနိုင်ငံသည် အဓိကစိုက်ပျိုးရေး အခြေခံ နိုင်ငံဖြစ်သော်လည်း လယ်တစ်ဧလျှင် နိုက်ထရိုဂျင်၊ ဖော့စ်ဖရပ်၊ ပိုတက်ရှ် ဓာတ်မြေဩဇာ ပျမ်းမျှ သုံးစွဲနိုင်မှုမှာ ၅၀ ကီလိုဂရမ်ဝင်အိတ် ၀.၂၈ အိတ်သာ သုံးစွဲနိုင်ပြီး တစ်နှစ်လျှင် မက်ထရစ်တန် ၀.၅၇ သန်းသာလျှင် သုံးစွဲနိုင်မှုရှိနေပါတယ်။ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် မိမိတို့နိုင်ငံထက် စိုက်ဧကလျော့နည်းသော ထိုင်းနိုင်ငံတွင် တစ်နှစ်လျှင် မက်ထရစ်တန် ၁.၉၉ သန်း သုံးစွဲ၍ မြန်မာနိုင်ငံထက် ၃.၄၉ ဆပိုမိုသုံးစွဲလျက်ရှိပြီး ဗီယက်နမ်နိုင်ငံတွင် တစ်နှစ်လျှင် မက်ထရစ်တန် ၁.၈၁ သန်းဖြင့် ၃.၁၆ ဆပိုမိုသုံးစွဲလျက်ရှိသည်ဖြစ်၍ နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် သွင်းအာစုလိုအပ်ချက် လွန်စွာ အားနည်းနေသေးသဖြင့် လွှတ်တော်ကိုယ်စား လှယ်တော်ကြီး၏တင်ပြချက်မှာ အမှန်ပင်ဖြစ်ပါတယ်။

စိုက်ပျိုးရေးနည်းပညာ ပြန့်ပွားရေးအတွက် ဆန်စပါးအပါအဝင် သီးနှံအလိုက် သိပ္ပံနည်း ကျစိုက်ပျိုးနည်းစနစ်များကို တောင်သူလယ်သမားများအတွက် ပညာရှင်များကို လေ့လာ ပညာ ပေး၍ သင်တန်းခန်းမဓာတ်ခွဲခန်းများမှ လယ်ကွင်းထဲကို အရောက်နည်းပညာပေး ဆောင်ရွက် လျက်ရှိပါတယ်။ စိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးရေးသိပ္ပံ၊ စိုက်ပျိုးရေးသုတေသနဌာနနှင့် စိုက်ပျိုးရေးခြံများတွင် မြေလွတ်မြေလတ်မကျန် သုတေသန စိုက်ကွင်းများထူထောင်ပြီး ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ စိုက်ပျိုးရေးပညာရှင်များ ကိုယ်တိုင်လက်တွေ့ပါဝင် လျက် လေ့ကျင့်ပညာပေးဆောင်ရွက်နေခြင်း၊ အောင်မြင်လျက်ရှိသော တောင်သူစိုက်ကွင်း များကို တည်ထောင်လျက် ပိုမိုတိုးတက်လျက်လာအောင် လေ့ကျင့်ပေးလျက်ရှိခြင်း နည်းလမ်း များအပါအဝင် မြို့နယ်တစ်မြို့နယ်တွင် အဓိကစားသုံးသီးနှံ ဆန်စပါးအပါအဝင် ဒေသနှင့် ကိုက်ညီသော

စီးပွားဖြစ်သီးနှံများရွေးချယ်၍ ဆန်နမူနာပြ စိုက်ခင်းများထူထောင်ခြင်းအားဖြင့် ဒေသအလိုက် ဟန်ချက်ညီညီတိုးတက်လာစေရန် စိုက်ပျိုးရေးနည်းပညာများကို သီးနှံအမယ် အလိုက်ထိရောက်သော နည်းပညာပေးလုပ်ငန်းများ တိုးတက်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါ ကြောင်းလည်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ထိုမျှသာမက မိမိတို့နိုင်ငံတွင် တောင်သူလယ်သမား မိသားစုဝင်များအနေဖြင့် မိဘ ဘိုးဘွားတို့၏ အမွေကိုဆက်ခံ၍ လယ်ယာလုပ်ငန်းခွင်အတွင်း အသက်မွေးဝမ်းကျောင်း ပြုလျက်ရှိရာ သားသမီးငယ်များအား စိုက်ပျိုးရေးနည်းပညာများ ခိုက်မာစွာ ရရှိစေရေးအတွက် သူငယ်တန်းမှ ဒသမတန်းထိ အတန်းအလိုက် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် အခြေခံပညာကျောင်းများတွင် စိုက်ပျိုးရေးဘာသာရပ်ကို အဓိကပြဋ္ဌာန်း ဘာသာရပ်အဖြစ် ယခုပညာသင်နှစ်မှစ၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းလျက် ပြဋ္ဌာန်းသင်ခန်းစာ စာစောင်များရေးသားပြုစုနိုင်ခဲ့ပြီး စိုက်ပျိုးရေးဘာသာရပ် လေ့ကျင့်ပညာပေးများကို အခြေခံပညာကျောင်းမှ ပင်လျှင် နက်ရှိုင်းစွာ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ရေသောက်စနစ်များကိုထူထောင်ရာတွင် လက်ရှိစုစုပေါင်းစိုက်ဧက ၃၄.၅၈ သန်းတွင် ၁၆.၇ ရာခိုင်နှုန်းနှင့် ညီမျှသောစုစုပေါင်းဧက ၅.၇၇ သန်းအတွက်သာ ဆည်ရေသောက်စနစ်များ ထူထောင်ပေးထားနိုင်ပြီး ဆည်ရေသောက်စနစ် တိုးတက်ဆောင်ရွက်နိုင်ရန် လိုအပ်မည်ဖြစ် ပါကြောင်းတင်ပြလိုပါတယ်။ နိုင်ငံတော် ဘဏ္ဍာရေးသုံးစွဲမှု ခွင့်ပြုပေးနိုင်သည့်အပေါ်မူတည်၍ ဆည်ရေသောက်စနစ်များ ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍကို ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပြီး တစ်သီး၊ နှစ်သီး၊ သုံးသီး၊ သီးထပ်၊ သီးညှပ်များစိုက်ပျိုးနိုင်ပြီး သီးနှံ ထုတ်လုပ်မှုစွမ်းအားမြင့်မားတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းလည်း ရှင်းလင်း တင်ပြအပ်ပါတယ်။

လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် တော်ကြီးများခင်ဗျား။ တောင်သူလယ်သမားများ ဝင်ငွေတိုးစေရေးနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ဈေးကွက်ခိုင်မာမှုနှင့် ဈေးကွက်၏ အဓိကအရေးပါမှုကို အကျဉ်းမျှ ရှင်းလင်းတင်ပြလိုပါတယ်။ ယနေ့ကာလအထိ မြန်မာ့ဆန်စပါးအပါအဝင် လယ်ယာကဏ္ဍ ထွက်ကုန်များ ဈေးနှိမ့်ခံရခြင်းမှာ လယ်ယာသီးနှံများကို ကုန်ကြမ်းအဖြစ်သာတင်ပို့နိုင်ခြင်း ကြောင့် မူလလယ်ယာထွက်ကုန်များ ဈေးနှုန်းကောင်းမွန်စွာ မရရှိခြင်းမှာ ဆင်းရဲနေရခြင်း၏ အဓိကအကြောင်းအရင်းဖြစ်ပါတယ်။ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချနိုင်မည့် ကုန်ချောနှင့် အဆင့်ဆင့်ကုန်ချောများထုတ်လုပ်ပြီး ခေတ်မီကုန်ချောထုတ်စက်ရုံများ အပြည့်အဝ ပေါ်ထွန်းလာရေးစည်းရုံးဆောင်ရွက်လျက်ရှိပါတယ်။

ဥပမာ-ဆန်စပါးသီးနှံတွင် ကျောက်ပြားဝိုင်းနှင့် ကြိတ်သည့်စက် Stone Roller ဆန်စက် စနစ်ဖြင့် ဆန်ကြိတ်ခွဲရာမှာ စပါးတင်း ၁၀၀ လျှင် အကျိုးအကြေများ ပါဝင်နေသည့် ၂၅ မှတ်ဆန် ၄၀ တင်းအောက်သာထွက်ရှိနိုင်ပြီး၊ ခေတ်မီ Satake ဆန်စက်၊ Buller ဆန်စက်ကဲ့သို့ အဆင့်မြင့် Rubber Roller စက်များဖြင့် ပြောင်းလဲအသုံးပြုကြိတ်ခွဲပါက စပါးတင်း ၁၀၀ လျှင် အကျိုး အကြေ ၅ ရာခိုင်နှုန်းခန့်သာ ပါဝင်သည့် ၅ မှတ်ဆန် ၆၀ တင်းအထက် ထွက်ရှိနိုင်ပြီး နိုင်ငံတော် ၏ဆန်တင်ပို့မှု ကမ္ဘာ့ဈေးကွက်တွင် နေ့ချင်းညချင်း တိုးတက်ယှဉ်ပြိုင်လာနိုင်မည်ဖြစ်ပါတယ်။ နိုင်ငံတော်၏ ဆန်စပါးကဏ္ဍအရှိန်အဟုန်ဖြင့်

တိုးတက်လာစေရန် မဖြစ်မနေဆောင်ရွက်ကြ ရမည့် ခေတ်မီဆန်စက်များသည် အခြေခံလိုအပ်ချက်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဆန်မှ ထွက်သည့် ဘေးထွက်ပစ္စည်းဖြစ်သည့် ဖွဲနုဆီ အသုံးပြုနိုင်ခြင်း၊ အကျိုးအကြေဆန်များကို ဆန်ကြာဆံ၊ ဆန်ခေါက်ဆွဲအဖြစ် ထုတ်လုပ်နိုင်ခြင်း၊ စပါးခွံကို လျှပ်စစ်ဓာတ်အား အသုံးပြုနိုင် ခြင်းတို့ကြောင့် နိုင်ငံတော်တွင် ဘေးထွက်ပစ္စည်းများမှ လွန်စွာအကျိုးရှိစေမည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီနယ်မြေတွင် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၁၃ ခုနှစ် အတွင်း ပုဂ္ဂလိကများမှ ခေတ်မှီမြင့်ဆန်စက် တန် ၂၀၀ ဆန်စက်များ အလျင်အမြန်ပေါ်ထွက် လာရေးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ပူးပေါင်း၍ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ရင်းနှီးမြှုပ်နှံလာ ရေးကို စည်းရုံးဆောင်ရွက်လျက်ရှိနေပါကြောင်းလည်း တင်ပြအပ်ပါတယ်။ အလားတူပင် ဆန်စပါးသီးနှံအပါအဝင် ကြံသီးနှံ၊ သစ်သီးဝလံ၊ ဆီထွက်သီးနှံများစသည့် မြန်မာ့စိုက်ပျိုးရေး ထွက်ကုန်များကို တန်ဖိုးမြင့် ကုန်ချောထုတ်လုပ်နိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်လျက်ရှိနေပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရသစ်ကာလတွင် လယ်ယာစိုက်ပျိုးရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေး အတွက် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်စေရေးကို ကိုယ်စွမ်းဉာဏ်စွမ်းအပြည့်အဝဖြင့် နိုင်ငံတကာစျေးကွက်တွင် မြန်မာ့ဆန်စပါး အပါအဝင် မြန်မာ့လယ်ယာထွက်ကုန်များ စျေးကွက်နေရာရရှိစေရေးအတွက် နိုင်ငံတကာ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများ၏ ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ပေါ်လာရေးအတွက် စဉ်ဆက်မပြတ် ညှိနှိုင်းပူးပေါင်းဆောင်ရွက် လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ကာယကံရှင်တောင်သူလယ်သမားများကိုယ်တိုင် ကာယကံမြောက်ပါဝင်ကြ ပြီး ပုဂ္ဂလိကပိုင်အခန်းကဏ္ဍ၊ လွှတ်တော်အဆင့်ဆင့်၏အခန်းကဏ္ဍ၊ နိုင်ငံတော်အစိုးရ အခန်းကဏ္ဍ၊ ပြည်နယ်/တိုင်းဒေသအစိုးရအဖွဲ့ဝင်များ၏ အခန်းကဏ္ဍအားလုံး ကဏ္ဍ အလိုက် တက်ညီလက်ညီပါဝင် ကူညီရိုင်းပင်းဆောင်ရွက်ကြခြင်းအားဖြင့် မြေသယံဇာတ၊ ရေသယံဇာတ၊ လူသယံဇာတ၊ ရာသီဥတုအခြေခံကောင်းများနှင့် ပြည်စုံကြွယ်ဝသော နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်မည်ဟုယုံကြည်ပါကြောင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင်းဦး၏ မေးမြန်းချက်ကို ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်အား သာမန်အားဖြင့် အချိန်တစ်နာရီ မိနစ်ခြောက်ဆယ်ပဲရပါတယ်။ မေးတဲ့သူကလည်းမတို၊ ဖြေတဲ့သူကလည်း ရှည်ရှည်ဖြေသွားတဲ့အတွက် ဒီနစ်ယောက်ရဲ့ အချိန်သုံးမှုဟာ ၃၅ မိနစ်ခန့်ရှိပါတယ်။ ဘာပဲဖြစ်ဖြစ် မေးမြန်းဖို့လိုအပ်တဲ့အတွက် မေးမြန်းတာဖြစ်ကြောင်းလည်း တွေ့ရှိရပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာနှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးခရိုင် ၊မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ မောက်မယ်မြို့နယ် ဆင်ဝင်ကျေးရွာအုပ်စုတွင် တည်ရှိသော နမ့်လှဆည် ဆောက်လုပ်ရေးစီမံကိန်းနှင့်ပတ်သက်ပြီး မေးမြန်းမှာဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မောက်မယ်မြို့နယ်၏ အဓိကစိုက်ပျိုးသီးနှံသည် ဆန်စပါး ဖြစ်ပြီး ဒေသန္တရနယ်မြေအနေအထားရ လယ်ကွင်းများဟာ မြို့ကို ဝန်းရံထားသော အနေအထားမှာ တည်ရှိပါတယ်။ မြို့၏အနောက်ခြမ်းတွင် နမ့်ဆိုင်းဆည်တည်ရှိပြီး မြို့၏မြောက်ဘက်ခြမ်းတွင် နမ့်တန် ဆည်တည်ရှိပါသည်။ မြို့၏အရှေ့ဘက်ခြမ်းတွင် နမ့်လှဆည်တည်ရှိပါတယ်ခင်ဗျား။ နမ့်လှဆည်ကို ယခင်က တောင်သူများ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် လက်ရိုက်ဆည်ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် ကွန်ကရစ်ဆည်တည်ဆောက်ပေးခဲ့ရာ ယနေ့အထိဆိုလျှင် အချိန်ကာလအားဖြင့် ၇ နှစ်၊ ၈ နှစ် ဝန်းကျင်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ယနေ့တိုင် ရေပေးဝေနိုင်ခြင်းမရှိသေးပါ။ ထို့ကြောင့် ယခင်ဆည်ရေ သောက်လယ်များမှာ ယာခင်းဖြစ်သွား ခြင်း၊ ရေတစ်လျှောက်ချောင်းများ ပျက်စီးခြင်းစသည့်ပြဿနာများ ပေါ်ပေါက်လာခဲ့ရပါတယ်။ နမ့်လှဆည်၏ အကျိုးပြုဧကကို ၃၅၈ ဧကဝန်းကျင်နှင့် နောက်ထပ် မျှော်မှန်းဧကများစွာ အကျိုးပြုနိုင်မည် ဟု မြို့နယ်ဒေသဆိုင်ရာ အချက်အလက်များတွင် ဖော်ပြထားပါသည်။ သို့ဖြစ်ပါ၍ နမ့်လှဆည်ဆောက် လုပ်ရေးစီမံကိန်းနှင့် ပတ်သက်ပြီး အောက်ပါမေးခွန်းများကို လွှတ်တော်မှတစ်ဆင့် ရှိသေစွာ မေးမြန်း အပ်ပါသည်။

မေးခွန်း(၁) မောက်မယ်မြို့နယ် စဥ့်ဝင်ကျေးရွာအုပ်စု နမ့်လှဆည်ဆောက်လုပ်ရေးနှင့် ပတ်သက်၍ မည်သည့်ကိစ္စရပ်များကြောင့် ကြန့်ကြာနေရပြီး မည်သည့်နှစ်တွင် အပြီးသတ် ဆောက်လုပ်နိုင်မည်နည်း။ မေးခွန်း(၂) နမ့်လှဆည်၏ အကျိုးပြုဧက စုစုပေါင်းတို့ကို သိရှိလိုပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ မောက်မယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်းရဲ့ နမ့်လှဆည်နဲ့ပတ်သက်ပြီး မေးတဲ့မေးခွန်းကို ကျွန်တော် ရှင်းလင်းဖြေကြား ပါမယ်။ ရှမ်းပြည်နယ်တောင်ပိုင်း မောက်မယ်မြို့နယ် နမ့်လှရေလွှဲဆည်သည် ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ပေးခဲ့ပြီး ကျေးရွာမှ ထိန်းသိမ်းထားသော

ဆည်တစ်ခုဖြစ်ပါတယ်။ နမ့်လှရေလွှဲဆည်၏ အကျိုးပြုဧရိယာမှာ မောက်မယ်မြို့နယ်၏ အရှေ့မြောက်ဘက်ရှိ မြို့မနှင့် စဥ့်ဝင်ကျေးရွာအုပ်စုတွင် ပါဝင်သည့် နမ့်လှဆည်ရေသောက်နှင့် မောက်မယ်ရေသွယ်လျောက် ရေသောက်ဧရိယာတို့ပါဝင်ပြီး စုစုပေါင်းအကျိုးပြုဧရိယာ ၄၇၀ ဧကဖြစ်ပါတယ်။ ၁၉၈၂ ခုနှစ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးမှုဖြစ်ပေါ်ခဲ့ရာ ပျက်စီးသွားသည့် ရေလွှဲဆည်၏ အထက်ဘက်တစ်မိုင်ခန့်အကွာ နားလင်းရွာ အနီးတွင် ကျောက်ပန်းရံရေလွှဲဆည်အသစ်ကို ၁၉၉၄ ခုနှစ်တွင် တည်ဆောက်ခဲ့ပါတယ်။ အဆိုပါ ရေလွှဲဆည်သည် ၂၀၀၁ ခုနှစ်တွင် မိုးသည်းထန်စွာ ရွာသည်းမှုကြောင့် ထပ်မံကျိုးပေါက်ခဲ့ပါတယ်။ နမ့်လှသံကူကွန်ကရစ် ရေလွှဲဆည်အသစ်ကို ၂၀၀၈-၂၀၀၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် စတင်တည်ဆောက် ခဲ့ပါတယ်။ အသစ်ပြန်လည် တည်ဆောက်လျက်ရှိသော နမ့်လှရေလွှဲဆည်၏ တည်ဆောက်ရေးလုပ်ငန်း ကို ၂၀၀၈-၂၀၀၉ ခု ဘဏ္ဍာရေးနှစ်မှစတင်၍ ရရှိရန်ပုံငွေအပေါ် မူတည်ပြီး ဆည်အဝင်အထွက် လမ်းတံတားများ ပြုပြင်ခြင်း၊ စခန်းအဆောက်အဦးများ ဆောက်လုပ်ခြင်း၊ ယာယီရေတားတမံ တည်ဆောက်ခြင်း၊ ရေလွှဲမြောင်းဖောက်လုပ်ခြင်း၊ မြောင်းထိပ်ရေတံခါးတည်ဆောက်ခြင်း စသော ဆက်နွယ်ဆောင်ရွက်ရသည့်လုပ်ငန်းများ အပါအဝင် ရေလွှဲဆည်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ ထိုသို့ဆောင်ရွက်ခဲ့ရာ ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ်အထိ စီမံကိန်းတစ်ခုလုံး ၏ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် ဧပြီလတွင် တောမီးလောင်မှုကြောင့် နမ့်လှရေလွှဲဆည်ရေသောက်စနစ်ရှိ မောက်မယ်ရေသွယ်လျောက် အမှတ်(၂) ပျက်စီးခဲ့ပြီး အသစ်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၂ ခုနှစ်၊ မေလတွင် ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် နမ့်လှရေလွှဲဆည်တည်ဆောက်ခြင်းလုပ်ငန်းအတွက် ခွင့်ပြု ရန်ပုံငွေ ကျပ်သန်း ၂၀ ရရှိထားပြီးဖြစ်၍ နမ့်လှပင်မရေလွှဲဆည် အဆောက်အအုံတည်ဆောက်ခြင်း လုပ်ငန်းကို အပြီးသတ်ဆောင်ရွက်လျက်ရှိပါတယ်။ ယခုနှစ် ဘဏ္ဍာရေးနှစ်ကုန်တွင် ဆောင်ရွက်ပြီးစီးမည် ဖြစ်ပါတယ်။ ဆောင်ရွက်ရန်ကျန်ရှိနေသေးသည့် နမ့်လှရေသောက်စနစ် တည်ဆောက်ခြင်း လုပ်ငန်းအား ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ်သန်း ၇၀ တင်ပြတောင်းခံထားပြီး ရန်ပုံငွေရရှိပါက စီမံကိန်းတစ်ခုလုံးရာနှုန်းပြည့်ပြီးစီးနိုင်ရေး အတွက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါတယ်။ နမ့်လှရေလွှဲဆည်တည်ဆောက်ရေး လုပ်ငန်း အကောင် အထည်ဖော် ဆောင်ရွက်ရာတွင် နှစ်အလိုက်ရရှိသည့် ရန်ပုံငွေအပေါ်မူတည်၍ ဆောင်ရွက်ရခြင်းကြောင့် ပြီးစီးနှောင့်နှေးရခြင်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန်ဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီဝင် တစ်ယောက်ဖြစ်တဲ့အားလျော်စွာ တောင်သူလယ်သမားများရဲ့ နစ်နာမှု၊ တောင်သူလယ်သမား

လယ်ယာလုပ်ငန်း၊ လယ်ယာကဏ္ဍဖွံ့ဖြိုးမှုကို အမြဲတမ်းမျက်ခြေမပျက်ကြည့်ရှုပြီးတော့ လွှတ်တော်ကနေတစ်ဆင့် လိုအပ်တဲ့ မေးခွန်းတွေ၊ အဆိုတွေ တင်သွင်းမယ်လို့ ခံယူချက်ရှိတာနဲ့အညီ ပြီးခဲ့တဲ့နှစ် က မိုးရာသီကာလမှာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပဲခူးတိုင်းဒေသကြီးမှာ ဧကပေါင်း ၁၉၀၀၀ ကျော်၊ ရန်ကုန်တိုင်းဒေသကြီးမှာ ၇၀၀၀၀ ကျော်၊ ဧရာဝတီတိုင်းဒေသကြီးမှာ ၂၆၀၀၀၀ ကျော် အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆိုရင် စပါးဧက ၆၀၀၀၀၀ ကျော် ရေကြီးနစ်မြုပ်ပျက်စီးတယ် ဆိုတဲ့ သတင်းကို ရရှိပြီးတဲ့အခါမှာ ဒီလိုနှစ်စဉ်ရေကြီးနေတဲ့ ဒဏ်ကို နိုင်ငံတော်အနေနဲ့ တတ်နိုင်သလောက်ကာကွယ်ပေးနိုင်တယ်လို့ အမြင်ခံယူချက်ရှိပြီးတော့ ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို ပြီးခဲ့တဲ့ လွှတ်တော် ပြီးဆုံးတဲ့နစ်မှာ တင်သွင်းခဲ့ခြင်းဖြစ်ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ ကျွန်တော်တို့ မကြာသေးမီကာလမှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးက ပဲခူးတိုင်းဒေသကြီးကို ပြည်သူ့လူထုနဲ့ တွေ့ဆုံတဲ့အခါမှာ ပြည်သူလူထုက အခု ကျွန်တော်မေးတဲ့ မေးခွန်းမျိုးရဲ့ ရည်ရွယ်ချက်မျိုးပါတဲ့ တင်ပြချက်များကို တင်ပြလိုက်တာကို တွေ့ရှိလေ့လာလိုက်ရပါ တယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့ မေးခွန်းဟာ တောင်သူလယ်သမားများအကျိုး၊ နိုင်ငံတော်ရဲ့ အကျိုးကို ရှေးရှုပြီးတော့ အောက်ပါအတိုင်း မေးမြန်းသွားလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ် မိုးရာသီကာလမှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး အပါအဝင် တစ်နိုင်ငံလုံးမှာ အတိုင်းအတာနဲ့ ဧကပေါင်း ၆၀၀၀၀၀ သိန်းကျော်စပါးစိုက်ခင်းများ ရေကြီးနစ်မြုပ်ပျက်စီးခဲ့ရကြောင်း လေ့လာသိရှိရပါတယ်။ ယခင်နှစ်များမှာလည်း ဒေသအလိုက် မိုးကြီးရေလျှံမှုများကြောင့် စိုက်ပျိုးသီးနှံများ ရေနစ်မြုပ်ပျက်စီးခဲ့ရတဲ့အတွက် တောင်သူများ နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရပါတယ်။ ထိုသို့ ပျက်စီးခဲ့ရတဲ့ လယ်မြေများရာသီအမီပြန်လည်စိုက်ပျိုး နိုင်ရေးအတွက်လည်း နိုင်ငံတော်မှ မျိုးစပါးများနဲ့ စိုက်ပျိုးစရိတ်ချေးငွေများ ထောက်ပံ့ထုတ်ပေးကူညီ ခဲ့ရကြောင်း လေ့လာသိရှိရပါတယ်။ ဤကဲ့သို့ စိုက်ခင်းများ ကျယ်ပြန့်စွာနဲ့ ပမာဏများပြားစွာ ရေကြီးနစ်မြုပ်ထိခိုက်ပျက်စီးမှုများဟာ တောင်သူတစ်ဦးချင်းအနေနဲ့ နစ်နာမှုရှိသလို နိုင်ငံတော်ရဲ့ လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးကိုလည်း အဟန့်အတားဖြစ်စေတဲ့အတွက် နိုင်ငံတော်ရဲ့ စီးပွားဖွံ့ဖြိုးမှုကိုလည်း အတိုင်းအတာတစ်ခုအထိ ထိခိုက်နစ်နာလာနိုင်တဲ့ အခြေအနေများဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နောက်နောင်မှာ မိုးကြီးရေနစ်၍ ဆုံးရှုံးနစ်နာမှု မရှိစေရန်သော်လည်းကောင်း၊ ထိခိုက်နစ်နာမှု လျော့နည်းသက်သာစေရန်အတွက်လည်းကောင်း ယခင်နှစ်များရဲ့ အတွေ့အကြုံများ အပေါ် အခြေခံပြီးတော့ ဒေသအလိုက် မြောင်းကော၊ ချောင်းကောများ ရေစီးရေလာကောင်းအောင် ပြုပြင်ခြင်း၊ ရေနုတ်မြောင်း ရေထုတ်မြောင်းပြန်လည်ထိန်းသိမ်းခြင်း၊ အနိမ့်ပိုင်းစိုက်ခင်းများကို ရေဝင်မှုမှ တားဆီးရမယ့် တာဖို့တာပတ်လုပ်ငန်းများကို မြေပြင်လေ့လာစူးစမ်းခြင်းများ ဆောင်ရွက် လျက် နှစ်စဉ်ဦးစားပေးအစီအစဉ်အလိုက် ဘဏ္ဍာငွေခွင့်ပြုချက် တောင်းခံတင်ပြပြီး ရေကြီးနစ်မြုပ်မှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းကို သက်ဆိုင်ရာဝန်ကြီးဌာနမှ အစီအမံများ ဆောင်ရွက်ချမှတ်သင့်ပါ တယ်လို့ ယူဆမိပါတယ်။ ဒါကြောင့်မို့လို့ ဒီရေကြီးနစ်မြုပ်မှု ကာကွယ်ရေးအစီအစဉ်နှင့်ပတ်သက်ပြီး အောက်ပါအတိုင်း မေးခွန်းများကို မေးမြန်းလိုပါတယ်ခင်ဗျား။ (၁) ၂၀၀၁ ခုနှစ်၊ ၂၀၁၂ ခုနှစ် ရေကြီး နစ်မြုပ်မှုနှင့် ယခင်ကရေကြီးနစ်မြုပ်မှုများကို အခြေခံပြီးရေကြီးနစ်မြုပ်မှုရှိသော မြို့နယ်ဒေသများ အလိုက် ကာကွယ်ရမည့် နည်းလမ်းများကို လေ့လာစူးစမ်းတိုင်းတာတွက်ချက် ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ။ (၂) လေ့လာစူးစမ်း

တိုင်းတာတွက်ချက်ပြီးပါက မည်သည့်ကာလတွင် မည်သည့်မြို့နယ်၊ မည်သည့်ဒေသတွင် မည်သည့်လုပ်ငန်းများ ခွင့်ပြုငွေတင်ပြဆောင်ရွက်သွားမည့် အစီအမံများ စီမံလျာထားမှုရှိ၊ မရှိနဲ့ (၃) ရေကြီးနစ်မြုပ်၍ ပျက်စီးထိခိုက်သွားသော စိုက်ခင်းများ အချိန်မီပြန်လည် စိုက်ပျိုးနိုင်ရန် တောင်သူများအား မျိုးသီးနှံရရှိနိုင်ရေးအတွက် နိုင်ငံတော်အပိုင်းမှ မျိုးအရန်သိုလှောင် ထားရှိမှု အမှန်ထိခိုက်ပျက်စီးသည့် တောင်သူလယ်သမားထံ အရန်မျိုးလက်ဝယ်အရောက်ရောက်ရှိ ရေးအစီအမံများ နိုင်ငံတော်မှ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို ဖြေကြားပေးပါရန် တောင်သူ လယ်သမားများနှင့် နိုင်ငံတော်အကျိုးကိုရှေးရှုပြီး လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်သွင်း အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။ ဒီလို ဖြေကြားတဲ့နေရာမှာ မေးခွန်းနှစ်ခုအနက် ပထမမေးခွန်းသည် ဖြေကြားပြီး ဖြစ်သည်ဟု သဘောမှတ်ယူပါ။ ဒုတိယမေးခွန်းဖြစ်တဲ့ စိုက်ပျိုးရေးအတွက် အရန်သီးနှံများသိုလှောင်ထားမှုနဲ့စီမံ အတွက်တင် ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးခင်ဇော် (လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာ)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ စစ်ကိုင်းတိုင်း ယင်းမာပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသောင်းဟန်ရဲ့ မေးခွန်း သုံးခုနဲ့ ပတ်သတ်ပြီးတော့ ကျွန်တော် ရှင်းလင်း ဖြေကြားမှာဖြစ်ပါတယ်။ ပထမ မေးခွန်းကို ကျွန်တော်ဖြေကြားပါ့မယ်။ ရေကြီး၊ရေနစ်မြုပ်မှု ဖြစ်ပေါ်နေသော ဒေသများအလိုက် ကာကွယ်ရမည့်နည်းလမ်းများကို တစ်နိုင်ငံလုံး အတိုင်း အတာအားဖြင့် လေ့လာစူးစမ်း တိုင်းတာချက်များဖြင့် တိုင်းတာတွက်ချက်ရမည့် လုပ်ငန်းဖြစ် ပါတယ်။ ထိုသို့ဆောင်ရွက်နိုင်ရန်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန နှင့် အခြားဆက်စပ်ဝန်ကြီးဌာန များအပြင် သက်ဆိုင်ရာ တိုင်းဒေသကြီးများနှင့် ပြည်နယ်အစိုးရအဖွဲ့ကြီးများကပါ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ကြရမည့် လုပ်ငန်းကြီး ဖြစ်ပြီး ဖော်ထုတ်ရရှိသည့် စီမံချက်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ အတည်ပြုချက်ရယူဆောင်ရွက်သင့်သည့် စီမံကိန်းဖြစ်ကြောင်း ဖြေကြား အပ်ပါတယ်။

ဒုတိယအချက်အနေနဲ့ကတော့ ကျွန်တော်တို့လက်ရှိအခြေအနေတွင် လယ်ယာစိုက်ပျိုး ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနမှ ရေကြီးနစ်မြုပ်မှု ကာကွယ်ရေး လုပ်ငန်းများနှင့်ပတ်သတ်၍ စူးစမ်းလေ့လာတိုင်းတာမှုများအရ ပဲခူးတိုင်းဒေသကြီးတွင် စီမံကိန်း ၇ ခု၊ ဧရာဝတီတိုင်းဒေသကြီးတွင် စီမံကိန်း ၃ ခု၊ ရန်ကုန်တိုင်းဒေသကြီးတွင် စီမံကိန်း ၄ ခု၊ ရခိုင်ပြည်နယ်တွင် စီမံကိန်း ၁ ခု နှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့အတွင်းရှိ ရေဘေးကာကွယ်ရေးနှင့် ရေငန်တားတာတမံများ တောင့်တင်းခိုင်မာ အောင် ပြုပြင်ခြင်းလုပ်ငန်းများ စသည်တို့ကို ဆောင်ရွက်ရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ တင်ပြ တောင်းခံထားပြီး ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

တတိယအချက်အနေနဲ့ ကျွန်တော်တင်ပြပါမယ်။ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော လယ်ယာများအား အချိန်မီ စပါးပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် မျိုးစပါးဖြန့်ဖြူး ပေးနိုင်ရေးအတွက် အရေးပေါ်လိုအပ်ချက်ကို ဖြည့်ဆည်းသုံးစွဲနိုင်ရန် လယ်ယာစိုက်ပျိုးရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန ယခင် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း၏ ခွင့်ပြုရန်ပုံငွေစာရင်းတွင် စိုက်ပျိုးရေးပညာပေးရေးဌာနခွဲ လက်အောက်ရှိ မျိုးထွန်လုပ်ငန်းခွင့်ပြု ရန်ပုံငွေနှင့် ဌာနမှ မျိုးစေ့လိုအပ်ချက်များကို အခမဲ့ ဖြန့်ဖြူးပေးနိုင်ရန် ငွေစာရင်းခေါင်းစဉ်အမှတ် သ ၀၂၀(၁) မျိုးစေ့ဖြင့် ခွင့်ပြုရန်ပုံငွေများချမှတ်ပေးခဲ့ခြင်းရှိခဲ့ပါတယ်။ ယခုအခါ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း အား စိုက်ပျိုးရေး ဦးစီးဌာနအဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခဲ့သည့်အတွက် အထက်ပါရန်ပုံငွေ စာရင်း များ ချမှတ်ပေးထားခြင်း မရှိတော့ပါ။ သို့ဖြစ်ပါ၍ ပြည်နယ်တိုင်းဒေသအစိုးရ အဖွဲ့အစည်းများမှ သဘာဝဘေးအန္တရာယ်ကြောင့် လယ်ယာ မြေစိုက်ခင်းများ ပျက်စီးမှုကို အချိန်မီပြန်လည်စိုက်ပျိုး နိုင်ရေး မျိုးစေ့လိုအပ်ချက်များကို အရေးပေါ်ဖြည့်ဆည်း ပေးနိုင်ရန် လိုအပ်သည့် ခွင့်ပြုရန်ပုံငွေ များကို ပြည်နယ်တိုင်းဒေသကြီးအဆင့် ဘဏ္ဍာရန်ပုံငွေတွင် ဘတ်ဂျက် တည့်သွင်းတောင်းခံ၍ ဆောင်ရွက်ရန် လိုအပ်ပါတယ်။ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော လယ်မြေ များအား အချိန်မီ စပါးပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် မျိုးစပါးလိုအပ်ချက်များကို တောင်သူများကိုယ်တိုင် ဒေသနှင့်သင့်တော်ကိုက်ညီသည့် သက်တမ်းတို အထွက်ကောင်း စပါးမျိုးများကို ကြိုတင်စု ဆောင်းထားရှိရေး၊ ပြန်လည်စိုက်ပျိုးနိုင်မည့် ကာလကို မှန်းဆ၍ ကုန်းမြင့်နေရာများတွင် သက်တမ်းတိုစပါးမျိုးများကို အချိန်မီ ကြိုတင်ပျိုးထောင်ထားရှိရေး၊ ရေမနစ်မြုပ်နိုင်သည့် သက်တမ်းတိုစပါးစိုက်ခင်းများမှ သားတက်နှန်းကို ခွဲ၍ ကောက်ကွက်ပြည့်ရှင်သန်နိုင်ရန် စိုက်ပျိုးရေးတို့ကို ဆောင်ရွက်နိုင်ရန်လည်း နှီးဆော်ချက်များ ထုတ်ပြန် ဆောင်ရွက်လျက် ရှိပါတယ်။ ထို့အပြင်ရေကြီး နစ်မြုပ်မှုကြောင့် ပျက်စီးသွားသော လယ်မြေများ အချိန်မီ စပါး ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် မျိုးစပါးလိုအပ်ချက်များကိုလည်း နိုင်ငံတော်အစိုးရ၊ ကုမ္ပဏီ၊ အသင်းအဖွဲ့များ၊ ပုဂ္ဂလိကများမှ လှူဒါန်းသော မျိုးစေ့များဖြင့် ဖြည့်ဆည်းကူညီပေးလေ့ရှိပါတယ်။ မျိုးစပါးများကို ဒေသတွင်း နီးစပ်ရာဒေသများမှ စုဆောင်းရယူပြီး ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီများမှ ရေကြီးနစ်မြုပ်ပျက်စီး သည့်ဒေသသို့အရောက် မျိုးစပါးများဖြန့်ဖြူးပေးခြင်း ကိုဆောင်ရွက်လျက်ရှိပါတယ်။ ရေကြီး နစ်မြုပ်မှုဖြစ်ပေါ်တတ်သည့် ဒေသများတွင် မျိုးစပါးလိုအပ်ချက်များကို အလွယ်တကူ ရရှိ ဖြည့်ဆည်း ပေးနိုင်ရန် မိမိတို့ဒေသနှင့် ကိုက်ညီဖြစ်ထွန်း အောင်မြင်သည့် သက်တမ်းတို အထွက်ကောင်း စပါးမျိုးများကို မျိုးသန့်ဇုန်များ တည်ထောင်၍ စိုက်ပျိုးထုတ်လုပ်ရေးကိုလည်း တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့များမှ ကြိုတင်စီမံဆောင်ရွက်ကြရန်ကိုလည်း လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ နှီးဆော်တိုက်တွန်း ကူညီဆောင်ရွက် ပေးလျက်ရှိပါတယ်။ ၂၀၁၂-၂၀၁၃ ဩဂုတ်လ စက်တင်ဘာလများအတွင်းက မိုးရွာသွန်းမှုများသဖြင့် ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့ရာ မိုးစပါး ၂၇၈၅၈၂ ဧက ပျက်စီးမှု ဖြစ်ပေါ်ခဲ့ပြီး မိုးစပါးပြန်လည်စိုက်ပျိုးရန် အချိန်မှီသည့် ၂၉၀၀၃၀ ဧကကို မျိုးစပါးများအချိန်မီရရှိအောင် ဆောင်ရွက်ပေး နိုင်ခဲ့သဖြင့် ပြန်လည်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကျန်ပျက်စီးဧကများမှာ မိုးစပါး စိုက်ပျိုးရန် ရာသီနောက်ကျပြီးမှ စိုက်ပျိုးနိုင်မည့် အခြေအနေကြောင့် မိုးစပါးအစား ဆောင်းသီးနှံ ကိုသာ စိုက်ပျိုးရန် စီမံဆောင်ရွက်ခဲ့ပါတယ်။ ယခုနစ်ရေကြီး နစ်မြုပ်မှုအတွက် မျိုးစပါး လိုအပ်ချက်ကို နိုင်ငံတော်မှ ၁၇၄၃၇၉ တင်း၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ၁၂၉၅၈ တင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆယ်မြောင်းဝန်ကြီးဌာနမှ ၁၉၃၀ တင်း၊ မြန်မာနိုင်ငံဆန် စပါးအသင်းမှ ၂၉၅၀၀ တင်း၊ ဆန်ကုန်သည်ကြီးများအသင်းမှ ၁၀၀၀ တင်း၊ Care Myanmar အန်ဂျီအို အဖွဲ့မှ ၁၀၀၀၀ တင်း၊ ပုဂ္ဂလိက လှူဒါန်းသူမှ ၂၀၀ တင်း၊ အာမိုကုမ္ပဏီမှ ၅၀၀ တင်း၊ ဒဂုံ

အင်တာနေရှင်နယ် ကုမ္ပဏီ မှ ၄၀၀ တင်း၊ စုစုပေါင်း ၂၃၀၈၆၇ တင်းကို ဧရာဝတီတိုင်း ဒေသကြီးသို့ ၁၃၅၄၄၆တင်း၊ ရန်ကုန်တိုင်းဒေသကြီး သို့ ၁၈၃၁၈ တင်း၊ ပဲခူးတိုင်းဒေသကြီးသို့ ၇၁၉၃၃ တင်း၊ ကရင်ပြည်နယ်သို့ ၅၁၇၀ တင်း ထောက်ပံ့ကူညီနိုင်ခဲ့ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ အမျိုးသား လွှတ်တော်မှ စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့်ပေးပို့ခဲ့တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ကိုယ်စားလှယ်များထံမိတ္တူများကိုလည်း တစ်ပါတည်း ဖြန့်ဝေ ထားပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး အစီအရင်ခံစာ တင်သွင်းရန် ဥပဒေကြမ်း ကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်း ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း လေးစားစွာဖြင့် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ပြည်ထောင်စု အစိုးရအဖွဲ့ရုံးမှပေးပို့လာသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့ လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကိုဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း အား ပြည်ထောင်စုလွှတ်တော်က ပေးပို့လာရာ အမျိုးသားလွှတ်တော်တွင် ၁၉-၁၀-၂၀၁၂ ရက်နေ့၌ စတင်တင်သွင်းခဲ့ပြီး ၅-၁၁-၂၀၁၂ ရက်နေ့တွင် အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက် များဖြင့် အတည်ပြုခဲ့ပါသည်။ ထို့သို့ အတည်ပြုခဲ့သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ ပြည်သူ့လွှတ်တော်သို့ပေးပို့ခဲ့ပါသည်။

၂။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဥပဒေကြမ်းကို လေ့လာစိစစ်နိုင်ရန် ၉-၁-၂၀၁၃ ရက်နေ့၌ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ဥပဒေကြမ်းများ စိစစ်ရာတွင် အခြေခံရမည့်မူ အချက် ၁၂ ချက်နှင့်အညီ စိစစ်ခဲ့ပါသည်။

၃။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက် အမှတ်(၂/၂၀၁၁)နှင့်အညီ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများနှင့် အဆင့်အတန်းတူညီစွာ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ ခံစားခွင့် ပြုနိုင်ရန် ရည်ရွယ်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်

အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တင်သွင်းခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

၄။ ဥပဒေကြမ်းတွင် ပုဒ်မ ၇ ခုပါရှိပြီး အမျိုးသားလွှတ်တော်မှ ပုဒ်မ ၃ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၇ တို့ကို ဥပဒေရေးထုံးနှင့် ညီညွတ်စေရန် စာသားပြင်ဆင်ပြီး အတည်ပြုပေးခဲ့ပါသည်။

၅။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုထားသည့် အတိုင်း ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄ နှင့်အညီ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၄၅ အရ လွှတ်တော်သို့ အစီရင်ခံအပ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ကိုယ်စားလှယ်များပါရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာဖော်ပြ၍ ၁၅-၁-၂၀၁၃ ရက်နေ့ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးကြရန်ဖြစ်ကြောင်း အသိပေး ကြေညာပါတယ်။

**ဦးသိန်းဇော်၊ မြစ်ကြီးနားမဲဆန္ဒနယ်က ကချင်ပြည်နယ်အတွင်း ငြိမ်းချမ်းတည်ဆောက်ရေးအတွက် အရေးကြီးအဆိုတစ်ရပ်တင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်နည်းဥပဒေ ၁၃၃ အရ အရေးကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးရန် ဦးသိန်းဇော်၊ မြစ်ကြီးနားမဲဆန္ဒနယ်က ဥက္ကဋ္ဌထံ စာရေးသားလက်မှတ်ရေးထိုးပြီး အဆိုတစ်ရပ်အဖြစ် တင်ပြလာပါတယ်။ အဆိုမှာ ကချင်ပြည်နယ် အတွင်း လက်နက်ကိုင်ပဋိပက္ခပြဿနာများကို နှစ်ဖက်တာဝန်ရှိသူများ မျက်နှာချင်းဆိုင် တွေ့ဆုံညှိနှိုင်း ဆွေးနွေးကြရန်အတွက် ခက်ခဲမှုရှိနေစဉ်ကာလအတွင်း ပွင့်လင်းမြင်သာသော Electronic Online ဆွေးနွေးမှုများကို အများပြည်သူ ထင်သာမြင်သာရှိသော ထုတ်ပြန်ချက်များဖြင့် ပြည်သူ့ထံမှ ထွက်ပေါ် လာသော ပြည်သူ့ဆန္ဒများကို အလေးအနက်ထားကြပြီး နှစ်ဖက်ဆွေးနွေးမှုများဖြင့် နားလည်မှုကို တည်ဆောက်ပြီး ဆက်လက်၍ ယုံကြည်မှုများကိုဖော်ဆောင်ကာ စစ်ရေးအရှိန် တင်းမာနေမှုများကို လျှော့ချပြီး ထာဝရငြိမ်းချမ်းရေးလမ်းကြောင်းကို တည်ဆောက်ပေးကြပါရန် လွှတ်တော်မှတစ်ဆင့် သက်ဆိုင်ရာများသို့ တိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။ ဒီအဆိုကို တင်သွင်းဖို့ မြစ်ကြီးနား မဲဆန္ဒနယ်မှ ဦးသိန်းဇော်ကို ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းဇော်(မြစ်ကြီးနားမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ ကျွန်တော်ကတော့ မြစ်ကြီးနားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ကချင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် အရေးကြီးတဲ့အဆိုတစ်ရပ်ကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ ကျွန်တော့်ရဲ့အဆိုကို အရေးကြီးအဆိုအဖြစ်နဲ့ လက်ခံတင်သွင်းခွင့်ပြုပေးတဲ့ ဥက္ကဋ္ဌကြီးကို အထူးပဲကျေးဇူးတင်ပါကြောင်းပြောကြားလိုပါတယ်။ ဒီနေ့ ကျွန်တော်တို့ ကချင်ပြည်နယ်အတွင်းမှာ ဖြစ်ပေါ်နေတဲ့ လက်နက်ကိုင်ပဋိပက္ခအခြေအနေများကြောင့် နေ့စဉ်နဲ့အမျှ စစ်ဘေးဒဏ်ခံစား နေကြရတဲ့ ညီနောင်ပြည်နယ်သူပြည်နယ်သားများရဲ့ ဘဝများ အချိန်နဲ့အမျှ ဆုံးရှုံးနစ်နာမှုများကို ခံစားနေရတဲ့ ပြည်နယ်နှင့် နိုင်ငံတော်၊ တိုက်ပွဲများကြောင့် နစ်ဖက်ထိခိုက်ဆုံးရှုံးမှုများအတွက် အချိန်နဲ့ အမျှ စိတ်မချမ်းမြေ့ဖွယ်ရာ ကိစ္စရပ်များကို တွေ့မြင်ခံစား နေရပါတယ်။ ကျွန်တော့်အနေနဲ့ ကချင် ပြည်နယ်သားတစ်ဦးလည်းဖြစ်ပါတယ်။ မြစ်ကြီးနားမြို့နယ် လူထုကိုယ်စားလှယ်တစ်ဦးလည်း ဖြစ်ပါ တယ်။ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှု ကော်မတီ မှာလည်း ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျှက်ရှိပါတယ်။ ထို့အတူ နိုင်ငံတော်မှ ဖွဲ့စည်းတာဝန် ပေးအပ်ထားသော ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီမှာလည်း ဒုတိယဥက္ကဋ္ဌ တစ်ဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခများရဲ့ အရှိန်အဟုန် များကို လျှော့ချပြီး အေးချမ်းသာယာမှုကိုဖော်ဆောင်နိုင်ရေးအတွက် ဆောင်ရွက်သင့်သော လုပ်ငန်း စဉ်တစ်ရပ်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်မှ သက်ဆိုင်ရာများသို့ တိုက်တွန်းပေးပါရန် ဆိုတဲ့အဆိုတစ်ရပ်ကို တင်သွင်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ကျွန်တော်တို့နိုင်ငံဟာ ပြည်သူ့ဆန္ဒကို အလေးထားတဲ့ ဒီမိုကရေစီ နိုင်ငံတော်ကို ဖော်ဆောင်ချီတက်နေပြီဖြစ်ပါတယ်။ ဒီနေ့လို အချိန်ကာလမျိုးမှာ မိမိတို့ရဲ့လိုလားချက် များကို လက်နက်ကိုင်ပြီးတော့ တောင်းဆိုဖို့ရာ အချိန်ကာလမဟုတ်ပါဘူး။ သို့အတူပဲ တောင်းဆိုချက် များကို လက်နက်နှင့်ကိုင်ထားပြီးတော့ ပယ်ချရမယ့် အချိန်ကာလလည်း မဟုတ်ပါဘူး။ ဒီနေ့ ပြည်သူ့ ဆန္ဒကို ဦးထိပ်ထားပြီးတော့ ပွင့်လင်းစွာညှိနှိုင်းဆွေးနွေးကြရမယ့် အချိန်ကာလပဲ ဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့် စစ်ပွဲများနှင့် ငြိမ်းချမ်းရေးကို တည်ဆောက်ဖို့ဆိုတာမဖြစ်နိုင်ပါဘူး။ ထို့အတူပဲ ဒီနေ့ ကချင် ပြည်နယ်အတွင်းမှာဖြစ်ပေါ်နေတဲ့ လက်နက်ကိုင်ပဋိပက္ခများကိုလည်း တွေ့ဆုံညှိနှိုင်းရေးဆိုသော လုပ်ငန်းစဉ်မပါရှိဘဲနဲ့ မည်သည့်နည်းနဲ့မှ ဖြေရှင်းပေးနိုင်မှာ မဟုတ်ပါဘူးခင်ဗျား။ ဒါပေမယ့် လက်ရှိ ပကတိအခြေနေမှာ ဒေသအတွင်း စစ်ရေးတင်းမာမှုအခြေအနေ အရပ်ရပ်ကြောင့် နိုင်ငံတော်အစိုးရ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့များနှင့် KI0/KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စား များဟာ နှစ်ဖက်မျက်နှာခြင်းဆိုင် တွေ့ဆုံဆွေးနွေးရေးအတွက် ခက်ခဲမှုများရှိနေကြောင်း သိရှိရပါ တယ်။ တွေ့ဆုံဆွေးနွေးမှုများ အလှမ်းကွာဝေးတာနဲ့အမျှ တည်ငြိမ်အေးချမ်းမှုဟာလည်းပဲ အလှမ်း ကွာဝေးသည်ထက် ကွာဝေးနေမှာဖြစ်ပါတယ်။ ဒါရဲ့ အကျိုးဆက်အဖြစ် နှစ်ဖက်လက်နက်ကိုင် အဖွဲ့အစည်းများရဲ့ စစ်ရေးပြင်ဆင်တည်ဆောက်မှုများကြားမှာ ပြည်နယ်သူပြည်နယ်သားများဟာ စိုးရိမ်ထိတ်လန့်မှုကြီးစွာနဲ့ များပြားသော ဒုက္ခများကို ဆက်လက်ပြီး ခံစားနေကြရမှာဖြစ်ပါတယ်။ ဒီနေ့

ကချင်ပြည်နယ်သူပြည်နယ်သားများရဲ့ ယနေ့ဖြစ်ပေါ်နေသော ဘဝများကို စနာမှုများပေးအပ်ကြတဲ့ တိုင်းရင်းသား၊ နိုင်ငံသား၊ ညီအစ်ကိုများ အားလုံးဟာလည်း လွန်စွာ ကျေးဇူးတင်ထိုက်ပါတယ်။ ထို့အတူပဲ ပြည်ပအဖွဲ့အစည်းအသီးသီးကိုလည်း လွန်စွာကျေးဇူးတင်ထိုက်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ခေတ်ကာလဟာ တာဝန်ရှိသူကိုယ်စားလှယ်ချင်း မျက်နှာခြင်းဆိုင် တွေ့ဆုံကြမှသာ ဆွေးနွေးညှိနှိုင်းနိုင်မည့်ကာလမဟုတ်ပါဘူး။ ယနေ့ခေတ်နည်းပညာများအရ Video Conferencing များ ဒါမှမဟုတ်ရင်လည်း E-mail များ အပြန်အလှန်ပေးပို့ခြင်းများ၊ ဒါမှမဟုတ် ရင်လည်း နှစ်ဖက်သဘောတူညီထားတဲ့ Electronic ဆက်သွယ်ရေးနည်းစနစ်များဖြင့် မိမိတို့ရဲ့ မူဝါဒ များ၊ သဘောထားများ၊ လိုလားချက်များကို နှစ်ဦးနှစ်ဖက်သတ်မှတ်ထားသော ကိုယ်စားလှယ်များ ကနေပြီးတော့ ပြည်သူများ ထင်သာမြင်သာရှိအောင် ထုတ်ပြန်ခြင်းများ၊ အသိပေးခြင်းများဖြင့် ပွင့်လင်းမြင်သာသော ဆွေးနွေးမှုများကို ဆောင်ရွက်နိုင်သောခေတ်ကာလဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော့်နေနဲ့ ဒီမှာတင်သွင်းလိုသော အဆိုတစ်ရပ်ဟာ ကချင်ပြည်နယ်အတွင်း လက်နက်ကိုင် ပဋိပက္ခပြဿနာများကို နှစ်ဖက်တာဝန်ရှိသူများ မျက်နှာချင်းဆိုင် တွေ့ဆုံညှိနှိုင်းဆွေးနွေးရန်အတွက် ခက်ခဲမှုရှိနေစဉ်ကာလအတွင်း ပွင့်လင်းမြင်သာသော Electronic Online ဆွေးနွေးမှုများကို အများ ပြည်သူထင်သာမြင်သာရှိသော ထုတ်ပြန်ခြင်းများဖြင့် ပြည်သူ့ထံမှ ထွက်ပေါ်လာသော ပြည်သူ့ဆန္ဒ များကို အလေးအနက်ထားကြသည့် ဆွေးနွေးမှုများဖြင့် နားလည်မှုကိုတည်ဆောက်ပြီး ဆက်လက်၍ ယုံကြည်မှုကို ဖော်ဆောင်ကာ စစ်ရေးအရှိန်တင်းမာမှုများကို လျှော့ချ၍ ထာဝရငြိမ်းချမ်းရေး လမ်းကြောင်းကို တည်ဆောက်ပေးကြပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်က သက်ဆိုင်ရာ များသို့ တိုက်တွန်းပေးပါရန်ဆိုသော အဆိုကို လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် တင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ယခု ဦးသိန်းဇော်တင်သွင်းသွားတဲ့အဆိုအား ထောက်ခံမယ့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးမျိုးဆွေ(တနိုင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ တနိုင်းမဲဆန္ဒနယ် ဦးမျိုးဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော် တင်သွင်း သည့် ကချင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် အဆိုကို ထောက်ခံတင်ပြသွား မှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်တပ်မတော်အစိုးရလက်ထက် ၁၉၉၄ ခုနှစ်မှာ နိုင်ငံတော် အစိုးရနှင့် KIO, KIA တို့အကြား နှစ်ဖက်သဘောတူပစ်ခတ်ရပ်စဲရေး ဆောင်ရွက်မှုကြောင့် ကချင်ပြည်နယ်တစ်ခုလုံး တည်ငြိမ်အေးချမ်းလျက် ဒေသခံပြည်သူများရဲ့ လူမှုဘဝတည်ဆောက်ရာမှာ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်ခဲ့ကြရပါတယ်။ သို့ရာတွင် ၂၀၁၁ ခုနှစ် ဇွန်လပိုင်းမှစပြီး နှစ်ဖက် တပ်များ ပဋိပက္ခဖြစ်ပွားရာကနေ ယနေ့အချိန်အခါမှာ ကချင်ပြည်နယ်တစ်ခုလုံး တည်ငြိမ်အေးချမ်းမှု မရှိတော့ဘဲ ဒေသခံပြည်သူများရဲ့ လူမှုဘဝဟာ ကျီးလန့်စာစား ဘဝရောက်ရှိနေပြီ ဖြစ်ပါတယ်။ နှစ်ဖက်တပ်များ စစ်ရေးအရှိန်

မြှင့်တက်လာတာနဲ့အမျှ စစ်ဘေးရှောင်ပြည်သူများလည်း ပိုမိုများပြား လာတာတွေ့ရပါတယ်။ ၎င်းတို့ရဲ့ဘဝဆက်လက်ရှင်သန်ရပ်တည်ရေးအတွက် များစွာအခက်အခဲ ကြုံတွေ့နေရပြီဖြစ်ပါတယ်။ ယနေ့အချိန်အခါဟာ ပြည်သူ့ဆန္ဒနှင့်အညီ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နေတဲ့ကာလဖြစ်တဲ့အလျောက် လက်နက်ကိုင်ပဋိပက္ခများဟာ ဒီမိုကရေစီဖော်ဆောင်ရေး မှာ အဟန့်အတား အနှောင့်အယှက်တွေ ဖြစ်ပါတယ်။ လက်နက်ကိုင်အဖွဲ့အစည်းအချင်းချင်း ပစ်ခတ် တိုက်ခိုက်နေသမျှ ကာလပတ်လုံး ငြိမ်းချမ်းရေးရရှိနိုင်မှာ မဟုတ်ပါဘူး။ ယနေ့ကချင်ပြည်နယ် လူထုရဲ့ လိုအပ်ချက်ဟာ ထာဝရငြိမ်းချမ်းရေးပဲ ဖြစ်ပါတယ်။ နစ်ဖက်ငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့များ အကြိမ်ကြိမ်ဆွေးနွေးခဲ့သော်လည်း အခုအချိန်ထိ ယုံကြည်မှုတည်ဆောက်နိုင်ခြင်းမရှိဘဲ စစ်ရေးအရှိန် မြင့်တက်လာတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရက ဖွဲ့စည်းတာဝန်ပေးအပ်သော ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဇော်အဆိုပြု တင်ပြတဲ့ ကချင်ပြည်နယ် အတွင်း လက်နက်ကိုင်ပဋိပက္ခပြဿနာများကို နှစ်ဖက်တာဝန်ရှိသူများ မျက်နှာချင်းဆိုင်တွေ့ဆုံ ဆွေးနွေးရန် ခက်ခဲမှုရှိစဉ်ကာလအတွင်း Electronic Online ဆွေးနွေးမှုများ ပြုလုပ်ခြင်းဖြင့် အများပြည်သူထင်သာမြင်သာရှိသော ထုတ်ပြန်ခြင်းများကို ဆောင်ရွက်သင့်ကြောင်း တွေ့ရှိရပါတယ်။ သို့မှသာ ပြည်သူ့ထံမှထွက်ပေါ်လာတဲ့ ပြည်သူ့ဆန္ဒများကို အလေးအနက်ထားပြီး နှစ်ဖက်ဆွေးနွေးမှု များ ပြုလုပ်ခြင်းဖြင့် နားလည်မှုတည်ဆောက်ပြီး ယုံကြည်မှုဖော်ဆောင်သင့်ပါတယ်။ ဒါကြောင့် စစ်ရေး အရှိန်တင်းမာမှုများလျော့ချပြီး ထာဝရငြိမ်းချမ်းရေး တည်ဆောက်ပေးကြပါရန် ပြည်သူ့လွှတ်တော်က သက်ဆိုင်ရာများသို့ တိုက်တွန်းပေးရန်ဆိုတဲ့ ကချင်ပြည်နယ်၊ မြစ်ကြီးနားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်၏ အဆိုကို အလေးအနက် ထောက်ခံကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းဇော်တင်သွင်းသွားတဲ့အဆိုကို တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေက ထောက်ခံဆွေးနွေးသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ် တစ်ပါတည်း ရယူသွားမှာ ဖြစ်ပါတယ်။ ဦးသိန်းဇော်တင်သွင်းသွားတဲ့အဆိုကို အတည်ပြု ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကသဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းဇော်ရဲ့အဆိုကို လွှတ်တော်ကသဘောတူတဲ့အတွက် ကချင်ပြည်နယ်အတွင်း လက်နက်ကိုင် ပဋိပက္ခပြဿနာများကို နှစ်ဖက်တာဝန်ရှိသူများ မျက်နှာချင်းဆိုင်တွေ့ဆုံညှိနှိုင်းဆွေးနွေးကြရန်အတွက် အခက်အခဲရှိနေစဉ်ကာလအတွင်း ပွင့်လင်းမြင်သာသော Electronic Online ဆွေးနွေးမှုများကို အများပြည်သူ

ထင်သာမြင်သာရှိစေသော ထုတ်ပြန်ခြင်းများဖြင့် ပြည်သူ့ထံမှထွက်ပေါ်လာသော ပြည်သူ့ဆန္ဒများကို အလေးအနက်ထားကြပြီး နှစ်ဖက်ဆွေးနွေးမှုများဖြင့် နားလည်မှုကို တည်ဆောက် ပြီး ဆက်လက်၍ ယုံကြည်မှုများကိုဖော်ဆောင်ကာ စစ်ရေးအရှိန်တင်းမာမှုများကို လျှော့ချပြီး ထာဝရ ငြိမ်းချမ်းရေးလမ်းကြောင်းကို တည်ဆောက်ပေးကြပါရန် လွှတ်တော်မှတစ်ဆင့် သက်ဆိုင်ရာသို့ တိုက်တွန်းကြောင်းအဆို အတည်ဖြစ်ကြောင်းနှင့် ထုတ်ပြန်ချက်တစ်ရပ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ရပ်နားကြောင်းနှင့်အစည်းအဝေးတတိယနေ့ကျင်းပမည့်နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး တတိယနေ့ကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့ကို ရပ်နားကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

အချိန်၊ ။

**အခမ်းအနားမှူး** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင် ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့ကို နာရီတွင် ရပ်နားပါသည်။]